# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ စနေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၁၄)

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**

➢ နိုင်ငံတော်၏ အနာဂတ်သည် ယနေ့ကလေးများ တော်သလောက် ကောင်းသည့်အပေါ်တွင် တည်မှီနေခြင်းကြောင့် လူကောင်း လူတော် ဖြစ်အောင် လေ့ကျင့်ပေးသည့်ကျောင်းသို့ သွားဖြစ်အောင် သွားကြပါ။ မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova အား လက်ခံတွေ့ဆုံစဉ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့လာရောက်လေ့လာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ ဖွဲ့စည်းပုံနှင့်တာဝန်များ၊ ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ကိုယ်စားလှယ်များအား

စာမျက်နှာ ၃ ကော်လံ ၁ ❖

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသား လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူ့ကိုယ်စားလှယ်များ၏ ဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ယုံကြည်နားလည်မှု၊ လေးစားမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး၊ လွှတ်တော်နှစ်ရပ်အကြား နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုများ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၅ ❐



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## "အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ" လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့်အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ "အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ" လူငယ်စကားဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ် (၈)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသားလူငယ်များ ဦးဆောင်သည့် စကားဝိုင်းကို ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■



## ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့်အခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်

(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ နေပြည်တော်)

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၊ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားရောက်ကြသည့် လေ့စီးဒုက္ခသည်များနှင့် ဘင်္ဂလားဒေ့ရှ် ကော့စ်ဘဇားရှိ စခန်းများတွင် နေထိုင်လျက်ရှိသူများနှင့် ပတ်သက်၍ ကမ္ဘာ့သတင်းမီဒီယာများတွင် အမျိုးမျိုးအဖုံဖုံဖော်ရေးသားလျက်ရှိကြပါသည်။ ယင်းသို့ ရေးသားထုတ်ဝေ၊ ထုတ်လွှင့်ပြောဆိုနေမှုများသည် သတင်းမှားများ၊ အချက်အလက်မှားများအပေါ် အခြေခံလျက် တစ်ဖက်စောင်းနင်း ရေးသားပြောဆိုနေကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍

စာမျက်နှာ ၄ ကော်လံ ၁ ❂

### Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားရာတွင် ပေးသွင်းရမည့် နှုန်းထားများအား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငွေးရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့်

စာမျက်နှာ ၃ ကော်လံ ၄ ❈

**ယနေ့ ဖတ်စရာ**

**အနာဂတ်အသစ် 5G ခေတ်သို့ . . .**

ဆောင်းပါး | စာ ၆

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲများ ကျင်းပ**

ပြည်တွင်းသတင်း | စာ ၁၂

# နိုင်ငံတည်ဆောက်မှုတွင် အနုပညာစွမ်းပကားဖြင့် ပါဝင်

ယဉ်ကျေးမှုဟူသည် လူ့အဖွဲ့အစည်းတစ်ခုက ကာလရှည်ကြာစွာ စုပေါင်းဖန်တီးပြီး လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သည့် လူနေမှု စနစ်တစ်ခုလုံးပင် ဖြစ်သည်။ သို့ဖြစ်ရာ မတူညီသည့် လူ့အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု အကြား ကွဲပြားခြားနားသည့် ယဉ်ကျေးမှုများကို မြင်တွေ့နိုင်သည်။ တစ်နည်းအားဖြင့် ယဉ်ကျေးမှုသည် လူ့အဖွဲ့အစည်းတစ်ခုကို သိသာထင်ရှားစေသည့် ဝိသေသလက္ခဏာလည်းဖြစ်သည်။

ယဉ်ကျေးမှုဆိုသည်မှာ အသိပညာ၊ ကိုးကွယ်ယုံကြည်မှု၊ အနုပညာ၊ ကိုယ်ကျင့်တရား၊ ဥပဒေ၊ ဓလေ့ထုံးတမ်းနှင့် လူ့အဖွဲ့အစည်းဝင် တစ်ဦးအနေဖြင့် ရရှိလာသော အခြားစွမ်းရည်၊ အလေ့အထများအားလုံး စုပေါင်းပါဝင်သည့် ရှုပ်ထွေးသော စုစည်းမှုကြီးဖြစ်သည် ဟူ၍လည်းကောင်း၊ ယဉ်ကျေးမှုဆိုသည်မှာ လူသားတစ်စု၏ အတိတ်သမိုင်းကြောင်းအရ ဖြစ်တည်လာသည့် လူမှုရေးဆိုင်ရာ အမူအကျင့်များ၊ အတွေးအခေါ်များနှင့် အလေ့အထများ စုစည်းမှုဖြစ်သည် ဟူ၍လည်းကောင်း မနုဿဗေဒရှုထောင့်၊ လူမှုဗေဒရှုထောင့်တို့မှ ဖွင့်ဆိုမှုများလည်းရှိသည်။ ထို့အပြင် ယဉ်ကျေးမှုဆိုသည်မှာ ကဗျာ၊ ပန်းချီကဲ့သို့ အနုပညာသက်သက် မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခု၏ အထူးခြားဆုံးသော နေထိုင်မှုပုံစံတစ်ရပ်လုံးဖြစ်သည်ဟူ၍ နေ့စဉ်လူနေမှုဘဝနှင့် ယှက်နွယ်၍ အဓိပ္ပာယ်ဖွင့်ဆိုသည်လည်းရှိသည်။

ကမ္ဘာပေါ်ရှိ ယဉ်ကျေးမှု အသီးသီးတို့၏ တူညီသော အနှစ်သာရတို့မှာ လူသည် ယဉ်ကျေးမှုကို မွေးရာပါဗီဇအတိုင်း ရလာခြင်းမဟုတ်ဘဲ မိမိမွေးဖွားရာ လူ့အဖွဲ့အစည်းအတွင်း ရှင်သန်နေထိုင်ရင်း သင်ယူရရှိလာရခြင်း၊ ယဉ်ကျေးမှုသည် တစ်ဦးတည်းပိုင်မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံးက စုပေါင်းပိုင်ဆိုင် မျှဝေကြခြင်း၊ မျိုးဆက်တစ်ခုမှတစ်ခုသို့ သင်္ကေတများနှင့် ဘာသာစကားတို့ကို အသုံးပြု၍ လက်ဆင့်ကမ်းသယ်ဆောင်ကြရခြင်းတို့ပင် ဖြစ်သည်။ ယဉ်ကျေးမှုကို အစိတ်အပိုင်း (၂) ရပ်အဖြစ် ခွဲခြားရာတွင် မျက်စိဖြင့် မြင်နိုင်၊ လက်ဖြင့် ကိုင်တွယ်နိုင်သော အဆောက်အအုံ၊ အသုံးအဆောင်၊ လက်နက်ကိရိယာ၊ အဝတ်အစား စသည့်ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်မှု၊ တန်ဖိုးထားမှု၊ ဓလေ့ထုံးတမ်းများနှင့် လူမှုရေးစံနှုန်းများ စသည့်စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဟူ၍ဖြစ်သည်။

"ရိုးရာယဉ်ကျေးမှု ဆိုသည်မှာ အလွန်နူးညံ့သိမ်မွေ့ပြီး စွမ်းအားရှိသည့် Soft Power ဖြစ်သည့်အတွက် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရန် တန်ဖိုးထားလေးစားဂုဏ်ယူပြီး ထာဝရတည်တံ့အောင် ကာကွယ်စောင့်ရှောက်သွားမည်ဆိုသည့် ခိုင်မာသည့် မျိုးချစ်စိတ်ဓာတ်များ လိုအပ်ပါကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို နောင်လာနောက်သား မျိုးဆက်သစ် သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်း သယ်ဆောင်ပေးနိုင်စွမ်းရှိကြသူများသည် အနုပညာရှင်များ ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုကို ဖျော်ဖြေသည့် နေရာတွင် မြန်မာ့ရိုးရာ ဓလေ့ထုံးစံနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး နိုင်ငံ၏ရေစီးကြောင်းပေါ် ပါလာအောင် ဆောင်ရွက်ခဲ့ကြသူများ ဖြစ်သည့်အတွက် နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းမှုတွင် အနုပညာရှင်များအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်နှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း" နိုင်ငံတော်သမ္မတက နိုင်ငံတော် အခြေပြမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

Soft Power ဟုဆိုရာတွင် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း စသည်တို့မပါဘဲ အခြားသူတို့၏ စိတ်နှလုံးကို ဆွဲဆောင်ခြင်း၊ အတုယူချင်လာအောင် ပြုလုပ်ခြင်း၊ နှစ်သက်သဘောကျလာစေခြင်းတို့ဖြင့် မိမိတို့အလိုရှိရာ ရလဒ်ကို သိမ်မွေ့စွာ ရယူနိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ အနုပညာ၊ ဓလေ့ထုံးတမ်း၊ အစားအစာ စသည်တို့ကဲ့သို့ ယဉ်ကျေးမှု၏ အစိတ်အပိုင်းများသည် လူတို့၏ အတွေးအခေါ်နှင့် နှစ်သက်မြတ်နိုးမှုများကို သိမ်မွေ့စွာ ပြောင်းလဲပေးနိုင်သည်။ ယဉ်ကျေးမှုချင်း အပြန်အလှန် ဖလှယ်ခြင်းအားဖြင့် လူအချင်းချင်း အထင်အမြင်လွဲမှားမှုများ လျော့နည်းသွားစေပြီး အပြန်အလှန်ယုံကြည်မှုနှင့် မိတ်ဖက်ဆက်ဆံရေးကောင်းများ အလွယ်တကူ တည်ဆောက်နိုင်သည်။ ဥပမာ ကိုရီးယားဒရာမာ ဇာတ်လမ်းတွဲများကြောင့် ကင်မ်ချီ၊ ပဲခေါက်ဆွဲ စသည့် ကိုရီးယားရိုးရာအစားအစာများကို မစားဖူးမီကတည်းက မြန်မာတို့ သိရှိခဲ့ကြသလို ကိုရီးယားဇာတ်ဆောင်များမှတစ်ဆင့် ကိုရီးယားလူမျိုးများနှင့် ယဉ်ကျေးမှုတချို့ကိုပါ ရင်းနှီးခဲ့ကြသည့်နည်းတူပင်ဖြစ်သည်။

မိမိတို့နိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကျင့်သုံးသည့် ပြည်ထောင်စု နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် မိမိတို့၏ ရေမြေပေါ်တွင် နှစ်ပေါင်းထောင်ချီ ဖြစ်တည်လာခဲ့သော တန်ဖိုးထားအပ်သည့် နှုန်းစံ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံနှင့်လူမျိုးတို့၏ ဝိသေသလက္ခဏာများအဖြစ် အနာဂတ်သို့ မပျောက်မပျက် ဆက်လက်သယ်ဆောင်သွားကြရမည်ဖြစ်သည်။ ယင်းသို့သယ်ဆောင်ရာတွင် အနုပညာကဏ္ဍနှင့် အနုပညာရှင်များ၏ စွမ်းပကားသည် သိမ်မွေ့သည့် စွမ်းအားများ ဖြစ်သည့်အလျောက် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာတို့ဖြင့် နိုင်ငံတည်ဆောက်မှုတွင် နိုးကြားတက်ကြွစွာ ပါဝင်ကြရပါမည့်အကြောင်း။ ။

---

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဖြေဖြူလ

| | | |
|---|---|---|
| ပထမပတ် | – | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | – | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | – | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | – | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

## ၁၄ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

---

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဖြေဖြူ ၁၄– လာမည့်စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မိုး/ဇလ

---

## (၁၄-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၉,၁၇၉,၀၅၈.၂၄ | ၂,၁၀၂,၀၉၄.၈၇ | ၂,၇၈၉,၅၅၆.၀၀ | – |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာနှင့်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှ ဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၅၀ | ၃၈၀၅ | ၃၇၅၅ | ၃၆၆၅ | ၃၈၀၀ | ၃၈၂၅ | ၃၈၅၅ | ၃၇၃၅ | ၄၁၀၅ | ၄၁၃၅ | ၃၇၅၅ | ၃၈၇၀ | ၃၈၄၅ | ၃၈၀၅ | ၃၈၁၅ | ၄၀၄၅ |
| 95 Ron | ၃၇၇၀ | ၃၉၂၅ | ၃၈၈၀ | ၃၇၉၀ | ၃၉၃၀ | ၃၉၄၅ | ၃၉၈၀ | ၃၈၆၀ | ၄၂၂၅ | ၄၂၅၅ | ၃၈၈၀ | ၃၉၈၅ | ၃၉၇၀ | ၃၉၂၅ | ၃၉၄၀ | ၄၁၆၅ |
| HSD (500 ppm) | ၄၀၂၀ | ၄၁၇၀ | ၄၁၂၀ | ၄၀၃၅ | ၄၁၇၀ | ၄၁၈၅ | ၄၂၁၅ | ၄၁၀၀ | - | ၄၄၈၀ | ၄၁၂၀ | ၄၆၆၀ | ၄၂၁၀ | ၄၁၇၀ | ၄၁၈၀ | ၄၃၉၅ |
| HSD (50 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | ၅၃၂၅ | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |
| HSD (10 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၅၄ | ၃၅၅၇ |
| 95 Ron | ၃၅၇၃ | ၃၆၇၈ |
| HSD (500 ppm) | ၃၈၂၅ | ၃၉၃၁ |
| HSD (50 ppm) | ၄၆၃၆ | ၄၇၅၈ |
| HSD (10 ppm) | ၄၆၃၆ | ၄၇၅၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဟန်လင်းအောင် | **အကြီးတန်းသတင်းထောက်** | - | ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **စာတည်းမှူး** | - | ခင်ရတနာ | | | |
| **စာတည်းမှူးများ** | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | မို့မို့အေးနှင့် နှဲ့မွန်တို့အဖွဲ့ |
| | | | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့်အဖွဲ့ |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **စာပြင်** | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

# ညီညွတ်ရေးက အရေးကြီး

**“တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ *ရှေ့ဖုံးမှ*

ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လိုအပ်ချက်များအား မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူများ၏ ဆန္ဒအား ဖြည့်ဆည်းပေးနိုင်ရေး လွှတ်တော်မှဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာစွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အာဆီယံပါလီမန်များညီလာခံ (AIPA)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

Belaya Rus ပါတီ ဥက္ကဋ္ဌ Ms. Olga Chemodanova က ဘယ်လာရုစ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်အားထားရသည့် မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရေးအတွက် မိမိတို့ပါတီပိုင်းအနေဖြင့် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူဦးလှသိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သွားမည်

**ကျိုင်းတုံ ဩဂုတ် ၁၄**

တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့် ခရိုင်ရုံးခွဲများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးများ တိုးချဲ့ဖွင့်လှစ်ရန် နိုင်ငံတော်က “မူ”အားဖြင့် ခွင့်ပြုပြီးဖြစ်သဖြင့် ခရိုင်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ စည်ပင်သာယာရေးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုများကို ရှိရင်းစွဲမူလလက်ရာကို မထိခိုက်စေရန် အထူးသတိပြုကြရန်၊ စည်းမျဉ်းများသတ်မှတ်ထားကြရန်၊ လူနည်းစု တိုင်းရင်းသားများ၏ လူမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ သတင်း အချက်အလက်များ တိကျမှန်ကန်စွာ ပြုစုထိန်းသိမ်းထားကြရန် မှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဂုံရှမ်း၊ ရှမ်းကြီး၊ တိုင်းနေ၊ တိုင်းလိ၊ လွယ်၊ ပလောင်၊ ‘ဝ’၊ လီဆူ၊ အားခေ၊ အာခါ၊ အဲန်၊ ဗမာနှင့် လားဟူ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များက တိုင်းရင်းသားလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ပေးနိုင်ရေး၊ တိုင်းရင်းသားဒေသများတွင် ရိုးရာပွဲတော်များကျင်းပရာ၌ ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးနိုင်ရေး၊ ဒေသခံတိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်အတွက် ယဉ်ကျေးမှုဖလှယ်နိုင်မည့်အစီအစဉ်များ စီစဉ်ပေးရေး၊ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့တို့၏ အခက်အခဲများကို ဖြေရှင်းပေးရေး၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည်များယွင်း ဖော်ပြထားမှုများကို ပြင်ဆင်ပေးနိုင်ရေး၊ ဝေးလံခေါင်သီသည့် ကျေးရွာများတွင် လမ်း၊ တံတားများ ဖောက်လုပ်ပေးရေးနှင့် ပြင်ဆင်ပေးရေးတို့နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။





အဆိုပါ တွေ့ဆုံပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ရောဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၄**

ရောဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံ (၂) ၌ ကျင်းပသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ ဦးဆောင်သောအဖွဲ့သည် ရောဝတီတိုင်းဒေသကြီး ရေဘေး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေ ကျပ်သိန်းတစ်ရာအား ပေးအပ်လှူဒါန်းရာ ရောဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုးညွန့်နှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ *ရှေ့ဖုံးမှ*

စကားဝိုင်းတွင် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်၊ သဘောသဘာဝနှင့် ဆိုးကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးခွန်းများကိုပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

※ *ရှေ့ဖုံးမှ*

ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ Digital Smart မီတာအသစ်များကို Website မှတစ်ဆင့်လျှောက်ထားရာ၌ ဌာနမှ သတ်မှတ်ချက်ဖြင့် ကိုက်ညီသော လျှောက်ထားမှုများအတွက် သတ်မှတ်ကြေးပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခအပါအဝင် ပေးသွင်းရမည့်နှုန်းထားသည် ယခင်အတိုင်း ပြောင်းလဲခြင်းမရှိဘဲ အောက်ပါအတိုင်း ပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အိမ်သုံးမီတာ | - | ၂၅၀,၀၀၀ ကျပ် |
| (ခ) | အိမ်သုံးပါဝါမီတာ (10 kW) | - | ၁,၀၀၀,၀၀၀ ကျပ် |
| (ဂ) | အိမ်သုံးပါဝါမီတာ (20 kW) | - | ၁,၂၃၀,၀၀၀ ကျပ် |
| (ဃ) | အိမ်သုံးပါဝါမီတာ (30 kW) | - | ၁,၄၆၀,၀၀၀ ကျပ် |
| (င) | စက်မှုသုံးပါဝါမီတာ (10 kW) | - | ၁,၀၇၇,၅၀၀ ကျပ် |
| (စ) | စက်မှုသုံးပါဝါမီတာ (20 kW) | - | ၁,၃၈၂,၅၀၀ ကျပ် |
| (ဆ) | စက်မှုသုံးပါဝါမီတာ (30 kW) | - | ၁,၆၈၇,၅၀၀ ကျပ် |

၃။ သိရှိလိုသည်များမေးမြန်းလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (ရုံးချုပ်) | - | ၀၆၇-၃၄၁၀၄၆၀ |
| (ခ) | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) | - | ၁၇၁၇ |
| (ဂ) | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) | - | ၁၆၁၆ |
| | ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line) | | |
| (ဃ) | ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ | - | ၀၆၇-၃၄၁၀၄၀၇ |
| | ၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅ | | |

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃,၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၁၆) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ၁၄ ခုကို ခွင့်ပြုခဲ့သည်။



အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ခြောက်ခုကိုလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်သုံးခုကိုလည်းကောင်း၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်တစ်ခုကို လည်းကောင်း ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၀ ဒသမ ၄၇၄ သန်းနှင့် ကျပ် ၁,၁၇၈,၇၃၁ ဒသမ ၈၂၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၃၆ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများမှာ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာ အကောင်အထည်ဖော်တည်ဆောက်ရောင်းချငှားရမ်းခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် ကုန်တင်မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးထော်လာဂျီယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လူသုံးကုန်လျှပ်စစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် ပလတ်စတစ်ပြားနှင့် ပလတ်စတစ်ဘူးခွံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖိနပ်အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်း တို့ပါဝင်သည်။

၂၀၁၆ ခုနှစ် ဇူလိုင်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံ၊ ဒေသပေါင်း ၄၈ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဟောင်ကောင် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) တို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၀၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၀ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၅ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❂ *ရှေ့ဖုံးမှ*

ဖြစ်စဉ်မှန်ကို အောက်ပါအတိုင်း ရှင်းလင်း ဖော်ပြလိုပါသည်–

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်သည့် အဖြစ်မှန်မှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အာဆာအကြမ်းဖက်အဖွဲ့က လူအင်အား၊ လက်နက်အင်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲကင်းများနှင့် ရဲတပ်ရင်းများကို တစ်ပြိုင်နက်တိုက်ခိုက်မှုများ၊ ထပ်တိုးတိုက်ခိုက်မှုများပြုလုပ်ရုံသာမက အစိုးရဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် တပ်မတော်က အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရပါသည်။ အာဆာအကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်တိုက်ခိုက်မှုကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့ ထွက်ပြေးကြရပြီး ဘင်္ဂါလီအမြောက်အမြားက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသီးသီးနေရပ်စွန့်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

မှတ်တမ်းများအရ အာဆာအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်မတိုင်မီ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်ရှိ ဘင်္ဂါလီလူဦးရေမှာ ၇၄၀,၀၀၀ ကျော်ရှိခဲ့ပြီး၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဘင်္ဂါလီလူဦးရေ ၂၀၀,၀၀၀ ကျော် ကျန်ရှိနေထိုင်လျက်ရှိသဖြင့်၊ ဘင်္ဂါလီလူဦးရေ ၅၄၀,၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်ဘက်သို့ နေရပ်စွန့်ခွာသွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ယင်းစိစစ်ချက်အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ (၁) သန်းကျော်ရှိသည်ဟု ပြောကြားနေမှုများမှာ မှားယွင်းကြောင်း ထင်ရှားပါသည်။

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်လအတွင်း၌ နှစ်နိုင်ငံသဘောတူစာချုပ် (၃) ခု ချုပ်ဆိုခဲ့ပြီး၊ ယင်းစာချုပ်များနှင့်အညီ လက်ခံရန် ၂၃-၁-၂၀၁၈ ရက်တွင် တစ်ကြိမ်၊ ပူးတွဲလုပ်ငန်းအဖွဲ့ သဘောတူညီချက်အရ ၁၅-၁၁-၂၀၁၈ ရက်တွင် တစ်ကြိမ်၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်၏ အကြောင်းကြားချက်အရ ၂၂-၈-၂၀၁၉ ရက်တွင် တစ်ကြိမ် စုစုပေါင်း (၃) ကြိမ် စီစဉ်စောင့်ဆိုင်းခဲ့သော်လည်း ပြန်လည်ဝင်ရောက်ခဲ့ခြင်း မရှိခဲ့ပါ။

ဘင်္ဂလားဒေ့ရှ်ဘက်မှ မြန်မာဘက်သို့ နေရပ်စွန့်ခွာသူများစာရင်းအဖြစ် လူဦးရေအမည်စာရင်း ၈၂၈,၈၂၄ ဦး ပေးပို့ခဲ့ရာ၊ ၃၁-၇-၂၀၂၆ ရက်အထိ အမည်စာရင်း ၄၂၆,၅၄၅ ဦးအား စိစစ်ခဲ့ပြီးဖြစ်ပါသည်။ စိစစ်ချက်အရ ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရှိသူ ၃၀၈,၇၉၇ ဦး၊ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သူ ၄,၂၄၁ ဦးနှင့် ရခိုင်ပြည်နယ်အတွင်းနေထိုင်ကြောင်း အထောက်အထား မတွေ့ရှိရသူ ၁၁၃,၅၀၇ ဦး စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ ယင်းကိန်းဂဏန်းများအရ ဘင်္ဂလားဒေ့ရှ်စခန်းများတွင် နေထိုင်သူအားလုံးအား မြန်မာနိုင်ငံမှလာရောက်သူဟု စွပ်စွဲပြောဆိုချက်များအပေါ် စိုးရိမ်မကင်းဖြစ်မိပါသည်။ အလားတူပင် လှေစီးဒုက္ခသည်များနှင့် အခြားနိုင်ငံများသို့ မြန်မာနိုင်ငံတွင်မရှိသည့် လူမျိုးအမည်ဖြင့် ရောက်ရှိနေသူများကို မြန်မာနိုင်ငံမှဟု စွပ်စွဲဖော်ပြနေခြင်းများအား ပြတ်သားစွာ ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံတွင် ၁၉၇၈၊ ၁၉၉၁၊ ၁၉၉၂ ခုနှစ်များက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အထောက်အထားစစ်ဆေးစိစစ်သည့် လုပ်ငန်းစဉ်များကြောင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာခဲ့သူ ဘင်္ဂါလီများကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အကြား နှစ်နိုင်ငံသဘောတူညီချက်များဖြင့် အောင်မြင်စွာပြန်လည်လက်ခံနိုင်ခဲ့ပါသည်။ နေရပ်စွန့်ခွာသူများကို ၁၉၇၈-၁၉၇၉ ခုနှစ်များအတွင်း ၁၈၆,၉၆၈ ဦး၊ ၁၉၉၂-၂၀၀၅ ခုနှစ်များအတွင်း ၂၃၆,၄၉၅ ဦး ပြန်လည်လက်ခံခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် အမှန်တကယ်နေထိုင်ခဲ့သူများကို ပြန်လည်လက်ခံနိုင်ရန် စိတ်ဆန္ဒမှန်ဖြင့် ကြိုးပမ်းခဲ့ရာ၊ ရှေ့ပြေးစမ်းသပ်စီမံကိန်း (Pilot Project) ဖြင့် လက်ခံနိုင်ရေး ရခိုင်ပြည်နယ်သို့ ဖိတ်ကြားရှင်းလင်းသည့် Come-and-See ခရီးစဉ်၊ ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်သည့် Go-and-Talk ခရီးစဉ် (၂) ကြိမ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်သို့သွားရောက်သည့် မျက်မြင်စစ်ဆေးခြင်းခရီးစဉ် (၂) ကြိမ်၊ Pilot Project အတွက် ပြင်ဆင်ထားမှုကို သံတမန်များအား ပြသသည့် ခရီးစဉ် (၂) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာအစိုးရမှ စိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများကို ၎င်းတို့၏ ဆန္ဒအလျောက်၊ လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်းစိတ်ဓာတ်အပေါ်အခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့်ကိစ္စဖြစ်ပြီး၊ နိုင်ငံတကာပြဿနာအဖြစ် လွဲမှားစွာ ပုံဖော်နေမှုအပေါ် စိတ်မသက်မသာ ဖြစ်ရပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများနှင့်လည်း အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၌ နေထိုင်ခဲ့ဖူးကြောင်း စိစစ်ပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာသူများကို ရခိုင်ပြည်နယ်၏ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက မြန်မာနိုင်ငံအနေဖြင့် ညှိနှိုင်းကာ ပြန်လည်လက်ခံသွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်**

---

## ဘီးလင်းမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုဆိုင်ရာ ဆုချီးမြှင့်

**ဘီးလင်း ဩဂုတ် ၁၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘီးလင်းမြို့ အ.ထ.က (ဘီးလင်း) ကျောင်းပညာ့အားမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးတို့က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲအလိုက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်သွင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမင်းစမ်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျာမင်း၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကျောက်တံခါးမြို့နယ်၌ ခွဲတမ်းရ စားအုန်းဆီ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချလျက်ရှိသော စားအုန်းဆီ အရောင်းဆိုင်များအား အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းမင်းနှင့် ပူးပေါင်းအဖွဲ့ ရည်ညွှန်းဈေးနှုန်းနှင့် အညီ ရောင်းချခြင်း ရှိ/မရှိကို ဩဂုတ် ၁၄ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# ကျောင်းစာကြည့်တိုက်များတွင် အတန်းအဆင့်အလိုက် ကျောင်းသားများ ဖတ်ရှုလေ့လာနိုင်သည့် စာပေများထားရှိရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မှာကြား




**နေပြည်တော် ဩဂုတ် ၁၄**

ကျောင်းစာကြည့်တိုက်များတွင် အတန်းအဆင့်အလိုက် ကျောင်းသားများ ဖတ်ရှုလေ့လာနိုင်သည့် စာပေများ ထားရှိရန်နှင့် စာကြည့်တိုက်ချိန်တွင် ဗဟုသုတတိုးပွားစေမည့် စာပေများကို အမှန်တကယ် ဖတ်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊ စာကြည့်တိုက်ဆောင်ရွက်ရန် အခက်အခဲရှိသော ကျောင်းများ၏ စာကြည့်တိုက်အချိန်တွင် အတန်းပိုင်ဆရာများက မြန်မာ့သမိုင်းနှင့် မြန်မာတို့၏ အထင်ကရခေါင်းဆောင်ကြီးများအကြောင်း၊ မြန်မာ့ပထဝီဝင်အကြောင်းတို့ကို ဗဟုသုတရအောင်မျှဝေပေးရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းက အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ နေပြည်တော်ကောင်စီနယ်မြေ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ထည့်သွင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းစာကြည့်တိုက်တိုင်းတွင် မြန်မာ့မြေပုံနှင့် ကမ္ဘာ့မြေပုံများထားရှိရေး၊ ကျောင်းများ၏ ကာယချိန်တွင် အားကစားနှင့်ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေမည့် သင်ကြားသင်ယူမှုကို အလေးထားဆောင်ရွက်ရေး၊ ကျောင်းများတွင် ဆေးလိပ်အန္တရာယ်ကင်းစင်ရေး၊ ကျောင်းကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို စိတ်ဝင်စားဖွယ်ဟောပြောတတ်သူများအား ဖိတ်ခေါ်ဆောင်ရွက်ရေး၊ ကျောင်းကျန်းမာရေး အာဟာရအတွက် အသိပညာပေးရေး၊ ဘဝတစ်သက်တာ သင်ကြားမှု Life skill ကို ခေတ်နှင့်အညီ update ပြုပြင်သင်ကြားရေး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေးနှင့်ပတ်သက်သော ကတ်ပြား Digitalization ပြုလုပ်ပေးနိုင်ရေးနှင့် Smart School ခြောက်ကျောင်းရွေးချယ်ထားပြီး ဒီဂျစ်တယ်အင်္ဂလိပ်စာ သင်ကြားရေးနှင့် AI အသုံးပြုနည်း သင်ကြားရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရေး၊ Grade-12 အောင်ချက်မြင့်မားရေး၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအနေဖြင့် ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများကို ဆိုဆုံးမရာတွင် မေတ္တာတရားဖြင့် ဆုံးမလမ်းညွှန်မှု ပေးနိုင်ရေး မှာကြားသည်။

ထို့ပြင် တက်ရောက်လာသူများက တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရှင်းလင်းဖြေကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းက ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများ အသင်းက ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ၊ ရေဘေးသင့် ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေများကို ကျန်းမာရေးဝန်ကြီးဌာနသို့ ယနေ့ လာရောက်လှူဒါန်းသည်။

မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းကြရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌက ဆေးနှင့်ဆေးပစ္စည်းများ၊ အလှူငွေများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ လှူဒါန်းပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များထံ အလှူရှင်ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆေးနှင့်ဆေးပစ္စည်းများ၊ အလှူငွေများကို ပေးအပ်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့ လာရောက်လှူဒါန်းမှုသည် ငွေကျပ်သိန်း ၃၇၀၀ ကျော် တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၇၁၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိ ရေဘေးသင့်အိမ်ထောင်စု ၄၁၂စု၊ လူဦးရေ ၁၅၆၉ ဦးအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ငွေကျပ် ၁၁၄ သိန်းကျော် ထောက်ပံ့ပေးအပ်

**စစ်ကိုင်း ဩဂုတ် ၁၄**

စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိ ရေဘေးသင့်အိမ်ထောင်စု ၄၁၂စု၊ လူဦးရေ ၁၅၆၉ ဦးအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများနှင့် ထိခိုက်လွယ်အုပ်စုများ အတွက် ထောက်ပံ့ငွေကျပ် ၁၁၄ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် ထုံးဘိုရပ်ကွက် ရေဘေးရှောင်စခန်းရှိ ထုံးဘိုရပ်ကွက်နှင့် တကောင်းရပ်ကွက်တို့မှ ရေဘေးသင့် အိမ်ထောင်စု ၅၀မှ လူဦးရေ၂၀၄ဦး၊ သောတာပန်ရပ်ကွက် လေးကျွန်းမာရ်အောင်ဘုရားဝင်းအတွင်းရှိသော တာပန်ရပ်ကွက်နှင့် စိန်ကုန်းရပ်ကွက်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၅၀၊ မြေဝတီရပ်ကွက် ရှစ်မျက်နှာဘုရားဝင်းအတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၆၅၀ တို့အတွက် ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ အတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းရှိ အမြင်အာရုံချို့တဲ့သူများနှင့်ကလေးငယ်များ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှု၊ သင်တန်းသားအိပ်ဆောင်၊ စာသင်ဆောင်၊ အသက်မွေးဝမ်းကျောင်း သင်တန်းဆောင်များကို လှည့်လည်ကြည့်ရှုပြီး စစ်ကိုင်းမြို့ အသခ်ရာရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များမှာကြား၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျိုက်မရောမြို့ အထက ကျုံဝမ်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြော



**ကျိုက်မရော ဩဂုတ် ၁၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျုံဝမ်းကျေးရွာ အထက ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက လူငယ်နှင့် စာဖတ်ခြင်းအကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမင်းနောင်က စားသုံးသူများ၏ အခွင့်အရေး ရှစ်ချက်နှင့် စားသုံးရန် မသင့်သော အစားအစာများနှင့် မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဒေါ်မြင့်သက်ထွေးက ကလေးသူငယ်ဥပဒေ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အကြောင်းများကို အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် သိရှိလိုသည်များနှင့် မေးမြန်းချက်များကို မြို့နယ်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းပြီး ကလေးအလုပ်သမား ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးပြခန်းများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**နိုင်ငံသာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့။**

# အနာဂတ်အသစ် 5G ခေတ်သို့ ...

မောင်ဖိုးသား

**ဒီနေ့မှ မိုးကပိုရွာနေတယ်။ ကောင်းကင်တစ်ခုလုံးက အုံ့မှိုင်းပြီး အချိန်မတိုင်ခင် မိုးချုပ်နေသလို ...။ လုပ်လက်စအလုပ်တွေကို လက်စသတ်ပြီး ဖယ်ရီမီအောင် လမ်း ၄၀ ထိပ်ကို အမြန်ပြေးရတယ်။ ဖယ်ရီစီးလာရင်း လမ်းတစ်လျှောက်မှာ ဘတ်စ်ကားတွေကို ကြည့်မိတယ်။ ညနေဘက် ရုံးဆင်းချိန်ဖြစ်တော့ ဘတ်စ်ကား ပေါ်မှာ လူတွေက ပြည့်ကျပ်နေတာပါပဲ။ ကိုယ်အလုပ်လုပ်တဲ့ရုံးက ဖယ်ရီတွေ စီစဉ်ပေးထားတာကို ရင်ထဲကနေ ကျေးဇူးအထပ်ထပ်တင်မိတယ်။**

အိမ်အပြန်လမ်းက ကျွန်တော်နေထိုင်တဲ့ လှိုင်မြို့နယ်အထိ ရောက်ဖို့ဆိုရင် တော်တော်လိုသေးတာမို့ အိမ်ကို ဖုန်းနဲ့လှမ်းကြည့်လိုက်ပါတယ်။ အိမ်မှာက ညီလေးနဲ့ ညီမလေး ကျောင်းသွားရင် အမေတစ်ယောက်တည်းမို့ စိတ်မချတာနဲ့ CCTV တပ်ထားရပါတယ်။ နေ့လယ်ခင်း ထမင်းစားနားချိန်မှာလည်း အိမ်ကိုလှမ်းကြည့်ရပါတယ်။ အင်တာနက်နဲ့ ချိတ်ထားတာဆိုတော့ ဖုန်းကနေ အချိန်မရွေးကြည့်နိုင်တာပေါ့။

အခုကြည့်လိုက်တဲ့အခါ အမေက သူထိုင်နေကျ ထိုင်ခုံလေးမှာပဲထိုင်ပြီး ကျောင်းဆင်းလို့ အိမ်ပြန်ရောက်နေပြီဖြစ်တဲ့ ကလေးတွေနဲ့ စကားပြောနေတာတွေ့ရတယ်။ ဒီမြင်ကွင်းကို တစ်ယောက်တည်း ပြုံးပြုံးကြီး ကြည့်နေမိပြီးတော့ ဖုန်းကိုခဏပိတ်ပြီး ဟိုငေး ဒီငေး ငေးနေရင်း တစ်ချိန်က ဖုန်းတစ်ခါဆက်ဖို့အရေး ဘယ်လိုတွေ ခက်ခဲခဲ့တယ်ဆိုတဲ့ အတွေးဘက်ရောက်သွားတယ်။

အခုလို မိုဘိုင်းဒေတာလေးဖွင့်ပြီး ကမ္ဘာပတ်ကြည့်ဖို့ဆိုတာ အရင်ကတော့ စိတ်ကူးယဉ်သက်သက်လိုပါပဲ။ ကျွန်တော်တို့ငယ်ငယ်ကတော့ ကြိုးဖုန်းတွေပဲသုံးခဲ့ရတယ်။ ကြိုးဖုန်းခေတ်ကနေ ကြိုးမဲ့ဖုန်းခေတ်ရောက်ခဲ့တယ်။ အခုတော့ ... 1G ကနေစလို့ 5G ခေတ်တောင် ရောက်လာပါပြီ။ ဖုန်းပဲပြောလို့ရတဲ့ခေတ်ကနေ စာတိုတွေပို့လို့ရတဲ့ခေတ်၊ အင်တာနက်စသုံးလို့ရတဲ့ခေတ် ... အဲဒီကနေ အသံမက်ဆေ့တွေပို့လို့ရတဲ့ခေတ်၊ အင်တာနက်မြန်နှုန်းတွေ ပိုမြင့်လာတဲ့ခေတ် ...။

ဖုန်းသုံးလိုက်၊ တွေးလိုက်နဲ့ ကျွန်တော်ဆင်းရမယ့် သီရိမြိုင်လမ်းထိပ်ကို ရောက်ပါပြီ။ အမေမှာထားတဲ့ဆေးတွေ လိုက်ရှာဝယ်ရတယ်။ ရှာနေတဲ့ဆေးတွေ့တော့ Online Payment နဲ့ပဲ ငွေပေးချေလိုက်တယ်။ ညီလေးနဲ့ ညီမလေးအတွက်ပါ မုန့်တွေဝယ်ဖို့ Mini-Mart တစ်ခုထဲဝင်လိုက်တယ်။ သူတို့ကြိုက်တတ်တာလေးတွေ ရွေးချယ်ပြီး ကောင်တာမှာ Online Payment နဲ့ထပ်ပြီး ငွေပေးချေလိုက်တယ်။ လိုအပ်တာတွေ ဝယ်ပြီးတော့မှ အိမ်ပေါ်ကို တက်လာခဲ့လိုက်တယ်။ ကျွန်တော်တို့ မိသားစုနေထိုင်တဲ့ ငါးလွှာကိုရောက်တော့ ...

"ညီလေးရေ ... ညီမလေးရေ ... ကိုကြီး ပြန်လာပြီ"

"ကိုကြီး ဘာမုန့်တွေပါလဲ"လို့မေးရင်း ညီမလေးက ခပ်သွက်သွက်လေးရောက်လာပြီး တံခါးလာဖွင့်ပေးတယ်။ ညီလေးပါ ရောက်လာပြီး ကျောပိုးအိတ်ကို လှမ်းယူတယ်။ ညီမလေးလက်ထဲကို ဝယ်လာတဲ့မုန့်လှမ်းပေးပြီး အိမ်တံခါးကို သော့ခတ်လိုက်တယ်။

အိမ်ထဲဝင်လာပြီး နောက်ဖေးဘက်ကို လှမ်းကြည့်တော့ အမေ့ကိုတွေ့တာနဲ့ ...

"အမေ ... ဘာတွေလုပ်နေတာလဲ"

အမေက ကျွန်တော့်ကိုလှမ်းပြုံးပြရင်း "သားအတွက် ဟင်းတွေပြန်နွှေးနေတာ"လို့ပြန်ဖြေတယ်။

"ထားလိုက်ပါ အမေရာ၊ သား ဒီအတိုင်းပဲ စားလိုက်ပါမယ်။ ဒီမှာ အမေ့အတွက် ဆေးတွေ ဝယ်လာတယ်"

အမေ့ကို ဆေးထုပ်လှမ်းပေးပြီး အမေ့ရဲ့ လုပ်လက်စအလုပ်တွေကို ကျွန်တော် လက်စသတ်လိုက်တယ်။ ပြီးတော့ အဝတ်အစားလဲ၊ ခြေလက်ဆေးပြီး ...

"အမေတို့ စားပြီးကြပြီလား"

"စားပြီးပြီ သား ...။ သားတစ်ယောက်ပဲ ကျန်တာ ..."

ကျွန်တော်က ထမင်းခူးပြီး ဟင်းတွေကို ပန်းကန်ထဲပဲ ပုံထည့်လိုက်တယ်။ အိမ်ရှေ့ကို ရောက်တော့ အမေက ကျွန်တော်ဝယ်လာတဲ့ ဆေးတွေကို စစ်ဆေးနေပြီး ညီလေးနဲ့ ညီမလေးက မုန့်တွေဖောက်စားနေကြပြီ။

"ဒီနေ့ကျောင်းမှာ အဆင်ပြေကြလားဟေ့ ...။ စာတွေရော လိုက်နိုင်ကြရဲ့လား ..."

ညီလေးနဲ့ ညီမလေးက သူတို့စာလိုက်နိုင်တဲ့အကြောင်းတွေ အလုအယက်ဖြေကြတယ်။ ထမင်းစားရင်း မိသားစုနဲ့ စကားပြောရတာဟာ ကျွန်တော့်အတွက် အပန်းဖြေနည်းတစ်မျိုးပါပဲ။ ကျွန်တော့်အတွက် အမောပြေလေးတွေပေါ့...။

ကျွန်တော်တို့မိသားစုမှာက အမေရယ်၊ ကျွန်တော်ရယ်၊ ညီလေးနဲ့ ညီမလေးရယ် လေးယောက်ပဲရှိပါတယ်။ အမေက ဆီးချို၊ သွေးတိုး၊ နှလုံး စတဲ့ ရောဂါအစုံနဲ့ဆိုတော့ တစ်လ၊ တစ်လ အမေ့ဆေးဖိုး၊ ကလေးတွေကလည်း Grade-8 တစ်ယောက်၊ Grade-10 တစ်ယောက်ဆိုတော့ သူတို့အတွက် အသုံးစရိတ်ရှာရတာက လွယ်တော့ မလွယ် ...။ ဒါပေမယ့်လည်း လောက်အောင်တော့ စေ့စေ့စပ်စပ်လုပ်ရပါတယ်။ တစ်အိမ်လုံးရဲ့တာဝန်ကို ကျွန်တော်ကပဲ ထမ်းထားရတော့ ကျွန်တော့်အနေနဲ့လည်း အပိုသုံးမိတာမျိုးမရှိအောင် နေထိုင်ရပါတယ်။

"ကိုကြီး ... ကျောင်းမှာလေ သူငယ်ချင်းတွေက 4G တွေ 5G တွေအကြောင်း သားကို မေးတယ်။ ကိုကြီးက ဆက်သွယ်ရေးဝန်ထမ်းဖြစ်ပြီး မင်းက ဘာလို့မသိတာလဲ ... တဲ့"

ကျွန်တော် ထမင်းစားနေချိန်မှာပဲ ညီလေးက ကောက်ကာငင်ကာမေးတယ်။ ညီမလေးကလည်း သူလည်းသိချင်တဲ့အကြောင်း ဆက်ပြောတယ်။ အဲဒါနဲ့ပဲ ...

"အေး ... အေး ... ကိုကြီး ထမင်းစားပြီးရင် ညီလေးနဲ့ ညီမလေးသိချင်တာ အကုန်ပြောပြမယ် နော်"

ကျွန်တော် ထမင်းစားပြီးတော့ အိုးခွက်ပန်းကန်တွေကို ဆေးလိုက်တယ်။ အမေက ... သူဆေးပါ့မယ်လို့ လှမ်းပြောတာနဲ့ ရတယ်အမေလို့ ပြန်ပြောလိုက်ရတယ်။

ကျွန်တော်က မြေပဲယိုတစ်ချပ်နဲ့ ရေနွေးကြမ်းခွက်လေးကိုင်ပြီး အိမ်ရှေ့ရောက်တော့ အမေနဲ့ ကလေးနှစ်ယောက်က YouTube နဲ့ချိတ်ပြီး တီဗွီကြည့်နေကြတယ်။ အိမ်မှာက FTTH (အိမ်သုံးဖိုက်ဘာအင်တာနက်) တပ်ထားတော့ နေ့လယ်နေ့ခင်း အမေတစ်ယောက်တည်းရှိတဲ့အချိန်မှာ YouTube ကနေ SmartTV နဲ့ချိတ်ပြီး တရားနာချင်ရင်လည်းနာ၊ ဇာတ်လမ်းတွေရှာကြည့်ချင်ရင်လည်းကြည့်ဖို့ စီစဉ်ပေးထားတယ်။ ကလေးတွေ ကျောင်းကပြန်လာတော့လည်း သူတို့ကြည့်ချင်တာလေးတွေ ရှာဖွေပြီး ကြည့်ကြတာပေါ့။ FTTH တပ်ထားတော့ ငွေကုန်ကြေးကျသက်သာပြီး ကလေးတွေအတွက် အွန်လိုင်းသင်တန်းတွေလည်း တက်လို့ အဆင်ပြေတယ်လေ ...။

ကျွန်တော်က ကြမ်းပြင်မှာထိုင်ချလိုက်ရင်း ...

"ကဲ...လာ...ဘာတွေသိချင်ကြတာလဲပြော..."

အမေက တီဗွီကို အသံတိုးလိုက်ပြီး ကလေးနှစ်ယောက်က ကျွန်တော့်ရှေ့မှာ လာထိုင်ကြတယ်။

ညီလေးက ...

"ကိုကြီး ... အဲဒီ 4G တို့ 5G တို့ဆိုတာ ဘာတွေလဲဟင် ..."

"အဲဒီအကြောင်းပြောရရင် ... 1G ကနေ စပြောမှပြည့်စုံမှာ ...။ G ဆိုတာက Generation ... 1G ဆိုတာ 1st Generation ကိုပြောတာ။ အခု ညီလေးမေးတဲ့ 4G ဆိုတာက 4th Generation ... 5G ဆိုတာက 5th Generation ပေါ့"

"1G ကျတော့ သားတို့ မမီလိုက်ဘူး။ အဲဒါတွေပါပြောပြ ကိုကြီး"

"ဆဲလ်ဖုန်းနည်းပညာရဲ့ ပထမဆုံးမျိုးဆက်က 1G ပဲ။ 1G ရဲ့ ကနဦးအစ နည်းပညာခြေလှမ်းတွေကို ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ စတင်မိတ်ဆက်ခဲ့ပြီးတော့ ၁၉၈၀ ပြည့်နှစ်အလွန် ကာလတွေကျမှ လူထုကြားထဲ အကောင်အထည်ဖော်လာနိုင်တာ။ အခုခေတ်ဖုန်းတွေလို အင်တာနက်သုံးလို့မရ၊ စာပို့လို့မရဘဲ "အသံ"နဲ့ ဖုန်းခေါ်ဆိုရုံသက်သက်ပဲရတာပေါ့။ ကနဦးနည်းပညာဖြစ်တာမို့ အားနည်းချက်တွေကတော့ ဖုန်းဘက်ထရီက ခံနိုင်ရည်သိပ်မရှိသလို လုံခြုံရေးစနစ်လည်း အားနည်းခဲ့တယ်။ ပြီးတော့ ဖုန်းပြောနေရင်း တစ်ခါတစ်ရံ လိုင်းပြတ်တောက်သွားတာ၊ လိုင်းကျသွားတာမျိုးတွေကိုလည်း အမြဲလိုလို ကြုံတွေ့ခဲ့ရတယ်။

"အားနည်းချက်တွေ ဘယ်လောက်ပဲရှိရှိ၊ ဒီ 1G နည်းပညာသာမရှိခဲ့ရင် ဒီနေ့ခေတ် ကိုကြီးတို့သုံးနေတဲ့ 2G၊ 3G၊ 4G နဲ့ 5G ဆိုတဲ့ ခေတ်မီနည်းပညာတွေလည်း ပေါ်ထွက်လာနိုင်စရာ အကြောင်းမရှိဘူးလေ။ သူကပဲ မိုဘိုင်းဆက်သွယ်ရေးလောကကြီး တစ်ဟုန်ထိုး တိုးတက်လာဖို့အတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်ခဲ့တာ။ မြန်မာနိုင်ငံမှာတော့ ပထမဆုံးမျိုးဆက် 1G နည်းပညာကို ၁၉၉၃ ခုနှစ်မှာ စပြီးဝန်ဆောင်မှုပေးခဲ့ကြတယ်"

ကျွန်တော်က မြေပဲယိုကို တစ်ချက်ကိုက်စားပြီး ရေနွေးကြမ်းမှုတ်သောက်ရင်း ကလေးနှစ်ယောက်ကို အကဲခတ်ကြည့်တော့ စိတ်ဝင်တစားနားထောင်နေကြတာတွေ့ရတယ်။ ညီမလေးက ...

"ကိုကြီး ဆက်ပြောဦးလေ ..."

"အေး အေး ပြောမယ်၊ ပြောမယ်။ 1G ပြီးတော့ 2G ခေတ်ပေါ့ ...။ အသံပဲခေါ်နိုင်ခဲ့တဲ့ 1G ခေတ်ပြီးတော့ ဆက်သွယ်ရေးလောကမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲတစ်ခုဖြစ်တဲ့ ဒီဂျစ်တယ်နည်းပညာတစ်ခု ပေါ်ပေါက်လာခဲ့တယ်။ အဲဒါကတော့ 2G လို့ခေါ်တဲ့ ဒုတိယမျိုးဆက်နည်းပညာပဲ။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှာစတင်ခဲ့တဲ့ ဒီ 2G နည်းပညာဟာ အရင်က အသုံးပြုခဲ့တဲ့ Analog စနစ်ကနေ ဒီဂျစ်တယ် (Digital) စနစ်ကို ကူးပြောင်းပေးနိုင်ခဲ့တဲ့ သမိုင်းမှတ်တိုင်တစ်ခုပေါ့။

"2G နည်းပညာက အရင် 1G နည်းပညာထက် အသံအရည်အသွေးပိုကောင်းပြီး ဆက်သွယ်ရေးလုံခြုံရေးစနစ်မြင့်မားလာတဲ့အပြင် လိုင်းတွေပိတ်ဆို့မနေဘဲ လူအများကြီးက တစ်ပြိုင်တည်း ဖုန်းခေါ်ဆိုနိုင်တဲ့ ကွန်ရက်စွမ်းဆောင်ရည် မြင့်မားလာခဲ့တယ်။

*စာမျက်နှာ ၇ သို့*







**"အခုလို မိုဘိုင်းဒေတာလေးဖွင့်ပြီး ကမ္ဘာပတ်ကြည့်ဖို့ဆိုတာ အရင်ကတော့ စိတ်ကူးယဉ်သက်သက်လိုပါပဲ။ ကျွန်တော်တို့ငယ်ငယ်ကတော့ ကြိုးဖုန်းတွေပဲ သုံးခဲ့ရတယ်။ ကြိုးဖုန်းခေတ်ကနေ ကြိုးမဲ့ဖုန်းခေတ် ရောက်ခဲ့တယ်။ အခုတော့... 1G ကနေစလို့ 5G ခေတ်တောင် ရောက်လာပါပြီ။ ဖုန်းပဲပြောလို့ရတဲ့ခေတ်ကနေ စာတိုတွေပို့လို့ရတဲ့ခေတ်၊ အင်တာနက်စသုံးလို့ရတဲ့ခေတ်... အဲဒီကနေ အသံမက်ဆေ့တွေ ပို့လို့ရတဲ့ခေတ်၊ အင်တာနက်မြန်နှုန်းတွေ ပိုမြင့်လာတဲ့ခေတ်..."**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ ရတနာတန်းဝင် သစ်မျိုးပေါင်း ၁၀၀၀ စုစုပေါင်းအပင် ၂၅၀၀ စိုက်ပျိုးနိုင်ခဲ့





ရန်ကုန် ဩဂုတ် ၁၄

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပခဲ့ပြီး ရတနာတန်းဝင် သစ်မျိုးပေါင်း ၁၀၀၀ စုစုပေါင်းအပင် ၂၅၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပျိုးပင်များကို ပါမောက္ခချုပ်နှင့် သင်တန်းသား ကိုယ်စားလှယ်များထံ ပေးအပ်၍(ယာပုံ) သတ်မှတ်နေရာ၌ ရတနာတန်းဝင် ပျဉ်းကတိုးပင်ကို စိုက်ပျိုးပေးခဲ့ပြီး အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ နှင့် သင်တန်းသား သင်တန်းသူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့ပြင် တက္ကသိုလ်၌ မွေးမြူထားသော အသားတိုးဝက်၊ အသားစားကြက်၊ ဥစားကြက် မွေးမြူရေး လုပ်ငန်းနှင့် ရာသီ သီးနှံစိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဇန်းမော်မေတ္တာစံအိမ်လူမှုကူညီရေးအသင်း ယာယီတိမ်းရှောင်မိသားစုများအား ငွေကျပ် ၈၄၅ သိန်းကျော် တန်ဖိုးရှိ ဆန်အိတ် ၈၉၀ ထောက်ပံ့ပေးအပ်

မြစ်ကြီးနား ဩဂုတ် ၁၄

ဇန်းမော်မြို့နယ်မှ နယ်မြေလုံခြုံရေးအခြေအနေအရ မြစ်ကြီးနားမြို့သို့ လာရောက်တိမ်းရှောင်နေသော ဇန်းမော်မေတ္တာစံအိမ် လူမှုကူညီရေးအသင်း ယာယီတိမ်းရှောင် မိသားစုများအား ငွေကျပ် ၈၄၅ သိန်းကျော် တန်ဖိုးရှိ ဆန်အိတ် ၈၉၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီတိမ်းရှောင် မိသားစုများအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးဝင်းအတွင်း မနော‌ရွှေပြည်ခန်းမ၌ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စုများအား ထောက်ပံ့မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသကဲ့သို့ မိုးအကုန်တွင်လည်း လိုအပ်ချက်များ ပြုပြင်ဆောင်ရွက်နိုင်ရန်စီမံထားရှိကြောင်း အားပေးစကားပြောကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ ကျင်းပပြုလုပ်သည့် (၂၃) ကြိမ်မြောက် စေတနာ သွေးသန့် သွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအတွက် အာဟာရဖြည့်အစားအသောက်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာသွေးသန့်သွေးလှူရှင်များအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယမန်နေ့ ညနေပိုင်းကလည်း ငြိမ်းချမ်းသာယာဘောလုံးကွင်းဘေးရှိ မြေရေိယာ အလျားပေ ၇၀၀ ကျော်၊ အနံပေ ၁၀၀ ကျော်အား ဂေါက်လေ့ကျင့်ရေးကွင်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြေယာရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ငြိမ်းချမ်းသာယာ အားကစားကွင်းအတွင်း ဆက်လက် ဆောင်ရွက်မည့် အားကစား အဆောက်အအုံများအတွက် လျာထားသတ်မှတ်မှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

မုံရွာ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအထိမ်းအမှတ်နှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပပြီး အသက် ငါးနှစ်အောက် ကလေးငယ်များအား အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ ကျောင်းသူများအား သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား အဏုအာဟာရဆေးပြား တိုက်ကျွေးခြင်းနှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျန်းမာရေးအဆင့်မြင့်ကျောင်း ရွေးချယ်ခြင်းခံရသည့် ဆုရမြို့နယ်ကျောင်းများနှင့် စံပြမိခင်ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ကျောင်းသူများ၏ တေးသရုပ်ဖော်ကပြဖျော်ဖြေမှု၊ ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် ၂၀၂၆-၂၀၂၇ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် ဗီဒီယို၊ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောင်းကျန်းမာရေးလှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုအားပေးကြပြီး မုံရွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် KGကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားတွင် အာဟာရပြည့်ဝမျှတမှုသည် မွေးကင်းစနှင့်ကလေးများ၏ ကိုယ်ခန္ဓာကြီးထွားမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးဆိုင်ရာ စွမ်းရည်မြင့်မားမှု၊ အရွယ်ရောက်သူများ၏ အလုပ်လုပ်နိုင်စွမ်းအားနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံးအနေဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားပူးပေါင်းဆောင်ရွက်ကြရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက တိုက်တွန်းပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရာနှုန်းပြည့် မိုးရွာမည်

နေပြည်တော် ဩဂုတ် ၁၄

ဩဂုတ် ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့၌ နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

*စာမျက်နှာ ၆ မှ*

"အဲဒီခေတ်မှာ လူသိများတဲ့ GSM[*1] စနစ်နဲ့ CDMA[*2] စနစ် ပေါ်လာတယ်။ GSM စနစ်က အချိန်အပိုင်းအခြားလေးတွေ ခွဲဝေပြီး လူအများကြီးကို တစ်ပြိုင်တည်း လိုင်းမကျဘဲ စကားပြောနိုင်တယ်။ CDMA- စနစ်ကတော့ ရေဒီယိုလှိုင်းတစ်ခုတည်းမှာ မတူညီတဲ့ Code တွေကို ခွဲခြားအသုံးပြုနိုင်စေပြီး ဆက်သွယ်ရေးစွမ်းရည်နဲ့ လိုင်းအသုံးချမှုကို ထိရောက်အောင် စီစဉ်ထားတဲ့ နည်းပညာပေါ့ကွာ။

"2G နည်းပညာရဲ့ တိုးတက်မှုကတော့ ဖုန်းခေါ်ရုံတင်မကဘဲ စာတို (SMS[*3]) ပေးပို့နိုင်တဲ့ ဝန်ဆောင်မှုနဲ့ ရုပ်ပုံပါတဲ့စာတို (MMS[*4]) စနစ်တွေကို စတင်သုံးစွဲလာနိုင်တာပဲ။

"အားနည်းချက်ကတော့ ဒေတာ (Data) ပို့လွှတ်တဲ့နှုန်း တော်တော်နှေးတယ်။ အခုခေတ်လို ဗီဒီယိုတွေကြည့်တာ၊ ရုပ်ထွက်ကောင်းတဲ့အင်တာနက် စာမျက်နှာတွေဖွင့်တာမျိုး စတဲ့ မြန်နှုန်းမြင့်အင်တာနက် ဝန်ဆောင်မှုတွေကိုတော့ ကောင်းကောင်းမွန်မွန် မပံ့ပိုးပေးနိုင်ခဲ့သေးဘူး။ ဒါပေမယ့်လည်း 2G က လူသားတွေကို အပြန်အလှန် စာတိုလေးတွေ ပို့ဆောင်ပေးနိုင်ခဲ့တဲ့အပြင် အနာဂတ်ရဲ့ အင်တာနက်ကမ္ဘာဆီကို ခေါ်ဆောင်သွားပေးဖို့ လမ်းစဖွင့်ပေးခဲ့တဲ့ ခေတ်ဦးနည်းပညာတစ်ခု ဖြစ်ခဲ့တာပေါ့"

ကျွန်တော်က စကားကိုခဏရပ်ပြီး အမေ့ကို လှမ်းကြည့်တော့ အမေက ဓာတ်လမ်းတွဲ ဆက်ကြည့်နေတုန်းပါပဲ။

"အမေ မအိပ်သေးဘူးလား"

အမေက ခေါင်းခါပြပြီး ... ဒါလေးပြီးအောင် ကြည့်လိုက်ဦးမယ်လို့ ပြန်ဖြေတယ်။

ညီလေးက ...

"သားတို့က မနက်ဖြန် ကျောင်းပိတ်တယ်။ ကိုကြီး ပြောပြတာပြီးမှ အိပ်မှာ ..."

"အေးပါ ... အေးပါ"လို့ ပြုံးပြုံးကြီး ပြန်ပြောမိတယ်။ ကလေးနှစ်ယောက်ရဲ့ စနေ၊ တနင်္ဂနွေ အွန်လိုင်းသင်တန်းတွေကလည်း နေ့ခင်းမှဆိုတော့ သူတို့အိပ်ရေးဝအောင် အိပ်လို့တော့ရပါတယ်။ အခု ပြောပြနေတဲ့အကြောင်းအရာကို သူတို့လေးတွေ စိတ်ဝင်စားနေတာတွေ့ရတော့ စိတ်ထဲမှာ ကျေနပ်မိတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

GSM_Global System for Mobile Communications[*1]
CDMA_ Code Division Multiple Access [*2]
(SMS- Short Message Service) [*3]
(MMS_ Multimedia Messaging Service) [*4]

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် ပြည်နယ်အဆင့် အခမ်းအနားကျင်းပ



**တောင်ကြီး ဩဂုတ် ၁၄**

၂၀၂၆ ခုနှစ်၊ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် ပြည်နယ်အဆင့်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကျန်းမာရေး အဆင့်မြှင့်ကျောင်းဆုရရှိသည့် ကျောင်းရှစ်ကျောင်းအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ်များ အထိမ်းအမှတ် ဗီဒီယိုကိုပြသကာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့က ကျောင်းကျန်းမာရေးသီတင်းပတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ထူးချွန်ဆုရရှိသူများကို လည်းကောင်း၊ ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက က မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသည့်မိခင်များနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက နှစ်သိမ့်ဆုရရှိသည့် မိခင်များကိုလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး အသက် ငါးနှစ်အောက် မူကြိုကလေးများအား အင်အားပြည့် ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးကာ **(အပေါ်ပုံ)** ပဲနို့၊ ပေါင်မုန့်၊ ငှက်ပျောသီးနှင့် လက်ဆောင်ပစ္စည်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများ၊ ကြက်ဥ၊ ကုလားပဲ၊ အိုင်အိုဒင်းဆားနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ဘားအံမြို့ ယာယီရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်

**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေမြင့်တက်မှုကြောင့် အနိမ့်ပိုင်း လူနေရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်သည့်အတွက် အဆိုပါရပ်ကွက်နေ ပြည်သူများအား ယာယီရေဘေးရှောင်စခန်းများသို့ပြောင်းရွှေ့နေရာချထားပေးခဲ့ရာ အမှတ်(၁) ရပ်ကွက်၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း မြကြေးမုံဆောင် ယာယီရေဘေးရှောင်စခန်းကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ သွားရောက်၍ ပြည်သူများအား အားပေးစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေကျပ် ၆၄၀၀၀၀၀၊ ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန် ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့အတူ အမှတ်(၂)ရပ်ကွက်၊ ရွှေယဉ်မျှော် ပြည်တော်စေတီတော် ယာယီရေဘေးရှောင်စခန်းနှင့် အမှတ် (၅) ရပ်ကွက်၊ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမယာယီရေဘေးရှောင် စခန်းတို့ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

နံနက်ပိုင်းကလည်း ဘားအံစက်မှုဇုန်အနောက်ဘက်ရှိ လျှိုပိတ်ဆည်အမှတ်(၁)၌ ကျင်းပသည့် ငါးမျိုးများ စိုက်ထည့်ပွဲသို့ တက်ရောက်၍ ငါးခုံးမကြီးကောင်ရေ ငါးသောင်းနှင့် ငါးမြစ်ချင်းကောင်ရေငါးသောင်း စုစုပေါင်း ငါးကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်း လမ်းပခုံးနှစ်ဖက် ကွန်ကရစ်ခင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ပုသိမ် ဩဂုတ် ၁၄**

ဧရာဝတီတိုင်း ဒေသကြီးရှိ ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်း ၁ မိုင် ၁ ဖာလုံမှ ၁ မိုင် ၇ ဖာလုံအထိ ၆ ဖာလုံအား လမ်းပခုံးနှစ်ဖက် ကွန်ကရစ်ခင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်စေရေးအတွက် အေးမြသာယာရပ်ကွက်၊ အင်္ဂပိုလမ်းတစ်လျှောက်နှင့် မင်းရဲကျော်စွာလမ်း တစ်လျှောက်ရှိ ရေမြောင်းများအတွင်း အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆက်သွယ်ရေးတိုင်များရှိ အမြင်မတင့်တယ်သော ကြိုးများ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ ဟသ်ာတမြို့ ဆည်မြောင်းရိပ်သာတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး အလှူငွေလက်ခံရယူသည်။

အဆိုပါ ခရီးစဉ်အတွင်း ဇလွန်မြို့နယ် ကြာအင်းကျေးရွာအုပ်စု၊ ရေပေါက်ကြီးကျေးရွာတွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကို steel cable groyne ပေ ၂၅၀ ဆောင်ရွက်မှုနှင့် သဲအိတ်ဆွဲသစ်ကိုင်းများချထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြစ်ရေတိုက်စားမှုကြောင့် ရေပေါက်ကြီးကျေးရွာမှ ကြိုတင်ရွှေ့ပြောင်းခဲ့ရသည့် အိမ် ၁၉ လုံးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ပေးအပ်သော ထောက်ပံ့ငွေများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သော ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

အလားတူ ဧရာဝတီ-ဟသ်ာတတာ (ညောင်ပင်သာပန်းတာ) တာမိုင် (၃၀/၀) မှ (၃၀/၃) နေရာကို ရေခွေပြုလုပ်ကာကွယ်ခြင်း၊ သဲအိတ်ချ တာခြေထောက် အားဖြည့် ဆောင်ရွက် ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်၍ ဓာတ်အားယာယီပြတ်တောက်မည်

**နေပြည်တော် ဩဂုတ် ၁၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို အခါအားလျော်စွာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့ တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ကြားခံလျှပ်ကူးပစ္စည်းများကို အစားထိုးလဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပါခွဲရုံရှိ ပင်မထရန်စဖော်မာအမှတ်(၂)အား ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ၅ နာရီကြာခန့် ဓာတ်အားပိတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ တံတားဦးမြို့နှင့် ပလိပ်မြို့တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ အချိန် ၅ နာရီကြာခန့် ဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဩဂုတ် ၁၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၏ ပြည်သူ့အကျိုးပြုကြယ်ပွင့်ပြမေးခွန်း ခုနစ်ခုကို ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြား



**ဘားအံ ဩဂုတ် ၁၄**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့ရွာ သန့်ရှင်းသာယာလှပရေး၊ တရားဥပဒေစိုးမိုးရေး အစရှိသည့် ပြည်သူ့အကျိုးပြုကြယ်ပွင့်ပြမေးခွန်း ခုနစ်ခုကို မေးမြန်းရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူမှတ်တမ်းတင်သည်။

ထို့နောက် အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့သော ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူလုံခြုံရေး ပိုမိုကောင်းမွန်စေရန် ပြည်နယ်အတွင်းရှိ မြို့များအလိုက် အဓိကလမ်းဆုံလမ်းခွများ၊ လူစည်ကားရာနေရာများ၊ ဈေးများ၊ အများပြည်သူအသုံးပြုသည့် နေရာများနှင့် အရေးပါသောနေရာများတွင် CCTV ကင်မရာများ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်စီမံဆောင်ရွက်ပေးရန်နှင့် သက်ဆိုင်ရာလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းများ၊ စေတနာရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့က ထောက်ခံဆွေးနွေးကြပြီး ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်တစ်ဦးက ပြန်လည်ရှင်းလင်းဆွေးနွေးကာ ကြာအင်းဆိပ်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) က ယင်းအဆိုကို လွှတ်တော်က အတည်ပြုပေးရန် ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့က ယင်းအဆိုကို ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း ကြေညာသည်။

ထို့ပြင် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းဆိုင်ရာ လျာထားချက်စာရင်းများနှင့်စပ်လျဉ်း၍ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးကြီးသန်းထိုက်က ကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကြေညာကာ အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**တောင်ကြီး ဩဂုတ် ၁၄**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၅ ဦးတို့က ကြယ်ပွင့်ပြမေးခွန်း ၁၈ ခုကို မေးမြန်းဆွေးနွေးကြပြီး သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့ပြင် ပြည်နယ်စာရင်းစစ်ချုပ်က ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် မှတ်တမ်းတင်ကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ရပ်နားကြောင်း ကြေညာသည်။

ယနေ့ ကျင်းပသည့် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးဒုတိယနေ့သို့ တောင်ကြီးကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများလည်း တက်ရောက်လေ့လာကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## လွှတ်တော် ကိုယ်စားလှယ် ကိုးဦး၏ ကြယ်ပွင့်ပြမေးခွန်း ၁၀ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြား

**ရန်ကုန် ဩဂုတ် ၁၄**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြီး လွှတ်တော်ကိုယ်စားလှယ် ကိုးဦး၏ ကြယ်ပွင့်ပြမေးခွန်း ၁၀ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏သဘောထားရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းနှင့် ဘဏ္ဍာရေး၊ စီမံကိန်း၊ စီးပွားရေးဆိုင်ရာကော်မတီဝင်တစ်ဦးက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၁၄**

အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ် (၁၆) ၏ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းက ဆုရရှိသူများကို ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီးဌာနအလိုက် တာဝန်ယူကြသည့် ကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ပြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနေသည့် စည်းကမ်းရှိသော၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာစေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် ပညာရပ်များကိုလက်တွေ့နယ်ပယ်တွင် တွေ့ကြုံရမည့် အတွေ့အကြုံအသစ်များနှင့် ပေါင်းစပ်ပြီး ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးစားကျင့်ကြံ လုပ်ဆောင်သွားကြရန် လိုကြောင်း ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင်က တိုက်တွန်းမှာကြားသည်။



အဆိုပါသင်တန်း၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ရတနာခန်းမ၌ကျင်းပပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ လက်မှတ်များ ပေးအပ်ခဲ့သည်။ အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ် ၁၆ သို့ သင်တန်းသား ၇၆ ဦး၊ သင်တန်းသူ ၇၇ ဦး စုစုပေါင်း ၁၅၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၂၇ ရက်မှ ဩဂုတ် ၁၄ ရက်ထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်၌ လှိုင်းကြီးမည်

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကြိုတင်ကာကွယ်နိုင်ရန် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာ မြှင့်တင်ကြပါစို့

ချစ်သက်လယ်
(ပြန်/ဆက်)

**ဝမ်းပျက်ဝမ်းလျှောရောဂါသည် လူတိုင်းတွင် ဖြစ်ပွားနိုင်သော်လည်း သန့်ရှင်းသောရေ၊ သန့်ရှင်းသောအစားအစာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို စနစ်တကျ လိုက်နာခြင်းဖြင့် ကာကွယ်နိုင်သော ရောဂါတစ်မျိုးဖြစ်သည်။ အထူးသဖြင့် မိုးရာသီ၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည့်ကာလနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရန်ခက်ခဲသည့် အချိန်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်မားလာနိုင်သဖြင့် ပြည်သူများအနေဖြင့် အထူးဂရုပြုရန် လိုအပ်ပါသည်။**

ဝမ်းပျက်ဝမ်းလျှော ရောဂါသည် ရောဂါပိုးပါဝင်သော အစားအစာနှင့် ရေကို စားသောက်မိခြင်း၊ ညစ်ညမ်းသော ပတ်ဝန်းကျင်နှင့် ထိတွေ့ခြင်းတို့မှ တစ်ဆင့် ကူးစက်နိုင်ပါသည်။ အထူးသဖြင့် အိမ်သာအသုံးပြုပြီးနောက် လက်ကို စနစ်တကျ မဆေးကြောခြင်း၊ အစားအစာများကို မသန့်ရှင်းစွာ ပြင်ဆင်ချက်ပြုတ်ခြင်း၊ ချက်ပြုတ်ပြီးသား အစားအစာများကို မဖုံးအုပ်ထားခြင်းနှင့် မသန့်ရှင်းသောရေကို သောက်သုံးခြင်းတို့သည် ရောဂါဖြစ်ပွားစေနိုင်သည့် အဓိကအကြောင်းရင်းများအနက် ပါဝင်ပါသည်။




> **ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးသည် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်သာမက လူတစ်ဦးချင်းစီနှင့် မိသားစုတိုင်း၏ ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပါသည်။ သန့်ရှင်းသောရေကို အသုံးပြုခြင်း၊ အစားအစာကို သန့်ရှင်းစွာ ပြင်ဆင်ချက်ပြုတ်ခြင်း၊ လက်ကို ဆပ်ပြာနှင့်စနစ်တကျဆေးကြောခြင်း၊ အိမ်သာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိန်းသိမ်းခြင်းတို့ကို နေ့စဉ် အလေ့အကျင့်ကောင်းများအဖြစ် ကျင့်သုံးသင့်**

အထူးသဖြင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည့်အခါ အိမ်သုံးရေနှင့် သောက်သုံးရေ အရင်းအမြစ်များ ညစ်ညမ်းနိုင်သည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနိုင်ခြေ ပိုမိုများပြားလာနိုင်ပါ




သည်။ ထို့ကြောင့် ရေကြီးရေလျှံပြီးနောက် ရေတွင်း၊ ရေကန်၊ မြစ်ချောင်းများမှ ရေကို သန့်ရှင်းမှုမရှိဘဲ တိုက်ရိုက်သောက်သုံးခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ၏ လက္ခဏာများ**

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပါက ဝမ်းအရည်များ မကြာခဏသွားခြင်း၊ ဝမ်းဗိုက်အောင့်ခြင်း၊ ပျို့အန်ခြင်း၊ အားနည်းနွမ်းနယ်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ ဝမ်းလျှောခြင်းနှင့် အန်ခြင်းများပြားလာပါက ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးပြီး ရေဓာတ်ခန်းခြောက်ခြင်း ဖြစ်ပေါ်နိုင်ပါသည်။

ရေဓာတ်ခန်းခြောက်လာပါက ပါးစပ်နှင့် လျှာခြောက်ခြင်း၊ ရေငတ်လွန်ခြင်း၊ ဆီးနည်းလာခြင်း သို့မဟုတ် ဆီးအရောင်ရင့်လာခြင်း၊ မူးဝေခြင်း၊ အားအလွန်နည်းခြင်းနှင့် မျက်လုံးချိုင့်ဝင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ ကလေးငယ်များတွင် ငိုသော်လည်း မျက်ရည်မထွက်ခြင်း၊ နို့မစို့နိုင်ခြင်း၊ အိပ်ငိုက်ပြီး တုံ့ပြန်မှုနည်းခြင်းတို့ကိုလည်း သတိပြုသင့်ပါသည်။

**ရေဓာတ်ခန်းခြောက်မှုကို အထူးသတိပြုပါ**

ဝမ်းပျက်ဝမ်းလျှောရောဂါ၏ အဓိကအန္တရာယ်မှာ ဝမ်းနှင့်အတူ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဝမ်းလျှောနေစဉ်တွင် ရေဓာတ်နှင့် ဓာတ်ဆားများ ပြန်လည်ဖြည့်တင်းပေးရန် အရေးကြီးပါသည်။

ဓာတ်ဆားရည် ORS (Oral Rehydration Solution)ကို အသုံးပြုနိုင်ပြီး ထုပ်ပိုးခွံပေါ်ရှိ ညွှန်ကြားချက်အတိုင်း သန့်ရှင်းသောရေဖြင့် မှန်ကန်စွာ ဖျော်စပ်သောက်သုံးရပါမည်။ ကလေးငယ်များအတွက်လည်း မိခင်နို့တိုက်ကျွေးခြင်းကို ဆက်လက်ပြုလုပ်သင့်ပါသည်။

ဝမ်းလျှောခြင်း ပြင်းထန်ခြင်း၊ ရေဓာတ်ခန်းခြောက်သည့် လက္ခဏာများ ပေါ်ပေါက်ခြင်း၊ သွေးပါဝမ်းသွားခြင်း၊ အဆက်မပြတ်အန်ခြင်း၊ အရည်မသောက်နိုင်ခြင်း၊ သတိလစ်ခြင်း သို့မဟုတ် အလွန်အမင်းအားနည်းခြင်းများ ဖြစ်ပေါ်ပါက အိမ်တွင်သာ စောင့်ကြည့်မနေဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသင့်ပါသည်။

**သန့်ရှင်းသောရေကိုသာ သောက်သုံးပါ**

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် သောက်သုံးရေသည် အလွန်အရေးကြီးပါသည်။ မသေချာသောရေကို မသောက်သုံးဘဲ စိတ်ချရသော သောက်သုံးရေကိုသာ အသုံးပြုသင့်ပါသည်။ ရေအရင်းအမြစ်၏ သန့်ရှင်းမှုကို မသေချာပါက ရေကိုကျိုချက်ပြီး အေးမြစွာထားကာ သန့်ရှင်းသောအိုးအတွင်း ထည့်သွင်းသိုလှောင်ပြီး သောက်သုံးသင့်ပါသည်။

ရေကို သိုလှောင်ရာတွင်လည်း အဖုံးပါသော သန့်ရှင်းသည့်အိုးများကို အသုံးပြုရန်၊ ရေထဲသို့ လက်ဖြင့်မနှိုက်ဘဲ သန့်ရှင်းသောခွက် သို့မဟုတ် အိုးဖြင့်သာ ခပ်ယူရန် လိုအပ်ပါသည်။

**အစားအစာများကို သန့်ရှင်းစွာ ပြင်ဆင်ချက်ပြုတ်ပါ**

အစားအစာများကို သေချာစွာ ချက်ပြုတ်ပြီး ချက်ပြုတ်ပြီးသား အစားအစာများကို ဖုံးအုပ်ထားသင့်ပါသည်။ အစိမ်းစားအစားအစာများ၊ အသီးအနှံများကို သန့်ရှင်းသောရေဖြင့် ဆေးကြောပြီးမှ စားသုံးသင့်ပါသည်။

အထူးသဖြင့် အလွယ်တကူ ပုပ်သိုးနိုင်သည့် အစားအစာများကို အချိန်ကြာမြင့်စွာ အပြင်တွင် ထားခြင်းကို ရှောင်ကြဉ်ပြီး အနံ့၊ အရသာ၊ အသွင်အပြင် ပြောင်းလဲနေသော အစားအစာများကို မစားသုံးသင့်ပါ။ လမ်းဘေးအစားအစာများ ဝယ်ယူစားသုံးရာတွင်လည်း သန့်ရှင်းမှု ရှိ၊ မရှိနှင့် အစားအစာများကို ဖုံးအုပ်ထားခြင်း ရှိ၊ မရှိ စစ်ဆေးသင့်ပါသည်။

**လက်ဆေးခြင်းသည် အရေးကြီးသော ကာကွယ်ရေးနည်းလမ်းတစ်ရပ်**

အိမ်သာအသုံးပြုပြီးချိန်၊ ကလေးငယ်၏ အညစ်အကြေးများကို ကိုင်တွယ်ပြီးချိန်၊ အစားအစာမပြင်ဆင်မီ၊ အစားအစာမစားမီနှင့် အခြားညစ်ညမ်းနိုင်သည့် အရာများကို ကိုင်တွယ်ပြီးချိန်များတွင် ဆပ်ပြာနှင့် ရေသန့်ဖြင့် လက်ကို စနစ်တကျ ဆေးကြောသင့်ပါသည်။

လက်ကို သန့်ရှင်းစွာ ဆေးကြောခြင်းသည် ဝမ်းပျက်ဝမ်းလျှောရောဂါသာမက အခြားကူးစက်ရောဂါများကိုပါ ကာကွယ်နိုင်သည့် ရိုးရှင်းပြီး ထိရောက်သော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။




**ရေဘေးကာလတွင် ပိုမိုသတိပြုကြပါစို့**

မိုးရာသီနှင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်သည့်ကာလများတွင် သောက်သုံးရေ အရင်းအမြစ်များ ညစ်ညမ်းနိုင်သည့်အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးအသိပညာပေးချက်များကို လိုက်နာကြရန် လိုအပ်ပါသည်။

ရေကြီးရေလျှံပြီးနောက် ညစ်ညမ်းနေသောရေနှင့် အစားအစာများကို မသုံးစွဲရန်၊ ရေသန့်ရရှိရေးကို ဦးစားပေးရန်၊ အိမ်သာနှင့် အမှိုက်စွန့်ပစ်နေရာများကို သန့်ရှင်းစွာထားရှိရန် လိုအပ်ပါသည်။ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူများပြားလာပါက သက်ဆိုင်ရာကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရယူသင့်ပါသည်။

**လူတိုင်းပူးပေါင်းပါဝင်မှ ရောဂါကာကွယ်နိုင်မည်**

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးသည် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်သာမက လူတစ်ဦးချင်းစီနှင့် မိသားစုတိုင်း၏ ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပါသည်။ သန့်ရှင်းသောရေကို အသုံးပြုခြင်း၊ အစားအစာကို သန့်ရှင်းစွာ ပြင်ဆင်ချက်ပြုတ်ခြင်း၊ လက်ကို ဆပ်ပြာနှင့် စနစ်တကျဆေးကြောခြင်း၊ အိမ်သာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိန်းသိမ်းခြင်းတို့ကို နေ့စဉ် အလေ့အကျင့်ကောင်းများအဖြစ် ကျင့်သုံးသင့်ပါသည်။

ထို့ကြောင့် မိသားစုတိုင်းအနေဖြင့် **"သန့်ရှင်းသောရေသောက်၊ သန့်ရှင်းသော အစားအစာစား၊ လက်ကိုဆပ်ပြာဖြင့်ဆေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ထိန်းသိမ်း"**ဆိုသည့် အခြေခံကျန်းမာရေး စည်းကမ်းများကို လိုက်နာကြခြင်းဖြင့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုကို လျှော့ချကာ မိမိတို့မိသားစုနှင့် ရပ်ရွာလူထု၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်ကို တိုင်းဒေသကြီး/ ပြည်နယ် (၇) ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့ပါသည်။

ယခုအခါ MCCT အစီအစဉ်၏ နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးဝင်သူများ၏ စာရင်းကို သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ကောက်ယူခြင်းကိုသာ ဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ (လုံးဝ) မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ (Registration Form) များနှင့် စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်း မရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇၊ ဘဏ္ဍာရေးနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများ စာရင်းကောက်ခံခြင်းအဆင့် ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

### ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ အသုံးစရိတ်စာရင်းများအား အတည်ပြု

**မုံရွာ ဩဂုတ် ၁၄**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လွှတ်တော်အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ အသုံးစရိတ်စာရင်းများအား အတည်ပြုခဲ့သည်။




အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့အကျိုးပြု ကြယ်ပွင့်ပြမေးခွန်း ကိုးခုကို မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဝန်ကြီးများက ပြန်လည်ဖြေကြားကြပြီး အရအသုံးငွေစာရင်း၊ ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအသုံးစရိတ်စာရင်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးရာ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ယင်းအသုံးစရိတ် များနှင့် စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားကို ရယူရာ လွှတ်တော်က သဘောတူညီသည့်အတွက် အတည်ပြုကြောင်းကြေညာပြီး စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပညာရဲရင့် ပွဲလယ်တင့်




## တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

### ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများအား အတည်ပြု

**ဟားခါး ဩဂုတ် ၁၄**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများကို အတည်ပြုသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့ပြင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားရယူ အတည်ပြုပြီး တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့် တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် နိုင်ငံတော်၏ အနာဂတ်ကြယ်ပွင့်လေးများဖြစ်ကြသော မျိုးဆက်သစ် ကျောင်းသား လူငယ်မောင်မယ်များကို ကျောင်းတက်ချိန် ကျောင်းပြင်ပ ဗဟုသုတရရှိစေရန်၊ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏သမိုင်း



ကြောင်းများကိုသိရှိပြီး အသိပညာ ဗဟုသုတများစွာ ရရှိစေရန်၊ တပ်မတော်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊ တပ်မတော် အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ် ထားရှိသော စေတနာနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် ရည်မှန်းချက်များကို သိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန်၊ တပ်မတော်၏ သမိုင်းဝင် စစ်လက်နက် ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားမှုအတွေ့အကြုံများ ရရှိစေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန်၊ ကျောင်းသား တစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သား နာယူမှုစွမ်းရည်ကို တိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (သစ်တပ်) မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်း ရုပ်ရှင်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်နိုင်

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အနောက်ဘင်္ဂလားပြည်နယ်ကုန်းတွင်းပိုင်းဒေသများသို့ ရောက်ရှိခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများနှင့် ဂျက်ခမ်းပြည်နယ်တို့ကို ၂၄ နာရီအတွင်း ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းဆင်းပွဲများ ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည် အဖွဲ့အစည်းဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိခဲ့ကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် အပြည့်အဝဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၄ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ် ရပ်ကွက်လေးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ငါးသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာကိုးရွာ၊ ကျောင်းကုန်းမြို့ မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာနှစ်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ ၁၉၉ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာ ရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



◆ *ကျောဖုံးမှ*

ဒုတိယပိုင်းစတင်ပြီး ၆ မိနစ်အကြာ ပွဲချိန် ၅၂ မိနစ်တွင် ကသစ်မြေ(မြို့သစ်) အသင်းအတွက် ဒုတိယမြောက် ဦးဆောင်ဂိုးကို မျိုးသူရဇော်က သွင်းယူပေးခဲ့သည်။ ထို့နောက် မင်္ဂလာပါ(ပြည်) အသင်းသည် ချေပဂိုးများ ပြန်လည်ရရှိရေးအတွက် တိုက်စစ်ဖွင့်၍ အစွမ်းကုန် ဖိအားပေးကစားလာခဲ့သည်။ ပွဲချိန် ၅၉ မိနစ်တွင် သန့်ဇင်ဦးက မင်္ဂလာပါ(ပြည်)အသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သော်လည်း လက်ကျန်မိနစ်များတွင် ထိရောက်သည့်ဂိုးဖန်တီးမှုများ ထပ်မံမလုပ်ဆောင်နိုင်ခဲ့ဘဲ နှစ်ဂိုး-တစ်ဂိုးရလဒ်ဖြင့် ရှုံးနိမ့်ကာ ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ရေနံမြေသခင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မကွေးမြို့ တိုင်းအားကစားကွင်း၌ ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဘောလုံးအသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**နေမျိုး၊ ခတ်ပုံ-NM**

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏။

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# ဖလမ်းခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**ဖလမ်း ဩဂုတ် ၁၄**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များ၏ အနီးကပ်ဦးဆောင်ကြီးကြပ်မှုဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများကို ဒေသခံကုမ္ပဏီများက ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မြို့တော်ခန်းမပြန်လည်ပြုပြင်နေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေးနေမှုကို သွားရောက်ကြည့်ရှု အားပေးသည်။

အလားတူ တီးတိန်မြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဌာနဆိုင်ရာရုံး အဆောက်အအုံများနှင့် မြို့တွင်းသာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် ကော်မတီဝင်များသည် မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ်အဆောက်အအုံ၊ ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအော်တိုအိတ်ချိန်းရုံးပျက်စီးမှုကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မရပ်ကွက်ရှိ Dr. Vungh Suan Thang(ဝုန်ဆွမ်းထန်) လမ်းရေစီးရေလာကောင်းမွန်စေရေး မြောင်းဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ လိန်တုန်လမ်းနှင့် လွိုးစုလမ်းသန့်ရှင်းသာယာလှပရေး ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့နယ်ရုံး(အသစ်) ပြုပြင်ခြင်း၊ လူငယ်သင်တန်းကျောင်း၏ ကျောင်းသားအိပ်ဆောင်ပြုပြင်ခြင်း၊ လျှပ်စစ်ရုံး၏ လေးခန်းတွဲဝန်ထမ်းအိမ်ရာပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး Chlorine Booster dosing လုပ်ငန်း ၂၁ နေရာဆောင်ရွက်ပေးနေ

**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) က ရန်ကုန်မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသောသောက်သုံးရေများ နေ့စဉ် ဖြန့်ဖြူးပေးနေမှုများနှင့် ပတ်သက်၍ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ဒေါ်သွဲ့နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။



ဒေါ်သွဲ့နိုင်ဦး

**မေး။ ။ ရန်ကုန်မြို့နေ ပြည်သူတွေ ကျန်းမာရေးနဲ့ ညီညွတ်ပြီး သန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့အတွက် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းတွေကို ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ။ ရန်ကုန်မြို့နေ ပြည်သူတွေကို သန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ သောက်သုံးရေပေးဝေနိုင်ဖို့အတွက် ရေသန့်စင်စက်ရုံကြီးတွေရဲ့ ရေသန့်စင်စနစ်တွေမှာ ကလိုရင်းဆေးခတ်ပိုးသတ်ခြင်းလုပ်ငန်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ သတ်မှတ်စံချိန်စံညွှန်းတွေအတိုင်း ပုံမှန်ဆောင်ရွက်နေတဲ့အပြင် မိုးရာသီမှာ ဖြစ်ပွားလေ့ရှိတဲ့ ဝမ်းရောဂါကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက်လည်း အရေးပေါ်အခြေအနေမှာ ရေဖြန့်ဖြူးပေးဝေတဲ့ မြို့နယ်တွေရဲ့ ရေပေးဝေရေး ကွန်ရက်အတွင်း ရေထဲမှာ ပိုးသတ်နိုင်စွမ်းရှိတဲ့ ကလိုရင်းကျန်ရှိမှု (Residual Chlorine) သတ်မှတ်ပမာဏ ရှိစေဖို့အတွက် Chlorine Booster dosing (Superchlorination) ဆေးခတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။ အခု ရန်ကုန်မြို့ရဲ့ မြို့နယ်အချို့မှာ ဖြစ်ပွားနေတဲ့ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးစေလိုပါတယ်။**



ဖြေ။ ။ အခု ရန်ကုန်မြို့မှာ ဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နိုင်ဖို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဥက္ကဋ္ဌ (မြို့တော်ဝန်)၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်တွေ၊ ဌာနမှူးတွေ၊ တိုင်းကျန်းမာရေးဦးစီးဌာနက တာဝန်ရှိသူတွေ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရေဖြန့်ဖြူးပေးဝေနေတဲ့ မြို့နယ်တွေကို ကွင်းဆင်းပြီး ရေဖြန့်ဖြူးပေးဝေရေး ပိုက်လိုင်းကွန်ရက်အတွင်း Chlorine Booster dosing ခတ်မှုအခြေအနေကိုလည်း နေ့စဉ်လိုက်လံ ကြည့်ရှုစစ်ဆေးနေပါတယ်။

လက်ရှိ ရေဖြန့်ဖြူးပေးဝေရေး ပိုက်လိုင်းကွန်ရက်အတွင်း Chlorine Booster dosing (Superchlorination) လုပ်ငန်းကို လသာမြို့နယ်မှာ ရှစ်နေရာ၊ လမ်းမတော်မြို့နယ်မှာ ငါးနေရာ၊ အလုံမြို့နယ်မှာ တစ်နေရာ၊ ပုဇွန်တောင်မြို့နယ်မှာ တစ်နေရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှာ တစ်နေရာ၊ ကျောက်တံတားမြို့နယ်မှာ နှစ်နေရာ၊ ပန်းဘဲတန်းမြို့နယ်မှာ နှစ်နေရာနှင့် ဒဂုံမြို့နယ်မှာ တစ်နေရာ စုစုပေါင်း ၂၁ နေရာမှာ ဆောင်ရွက်နေပါတယ်။

**မေး။ ။ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) က ရန်ကုန်မြို့အတွင်း ဖြန့်ဖြူးပေးနေတဲ့ သောက်သုံးရေလေ့လာဆန်းစစ်မှုကဏ္ဍနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။**

ဖြေ။ ။ Chlorine Booster dosing (Superchlorination) ဆောင်ရွက်မှုကြောင့် ရေဖြန့်ဖြူးပေးဝေရေးကွန်ရက်အတွင်း Residual Chlorine ပါဝင်မှုကို လေ့လာဆန်းစစ်နိုင်ဖို့အတွက် ရေနမူနာရယူပြီး ရေအရည်အသွေးတိုင်းတာကာ စောင့်ကြည့်လေ့လာမှုတွေ ဆောင်ရွက်နေတာမှာ မူလကလည်း Residual Chlorine အထိုက်အလျောက်ရှိလို့ ထွက်ပေါ်လာတဲ့အဖြေအရ သင့်လျော်မှုရှိတာကို တွေ့ရပါတယ်။

**မေး။ ။ ရန်ကုန် မြို့တော်သူ / မြို့တော်သားတွေကို အကြံပြုစရာရှိရင်လည်း ဖြည့်စွက်ပြောပေးပါ။**

ဖြေ။ ။ ရေသုံးစွဲသူ မိဘပြည်သူတွေအနေနဲ့ သောက်သုံးရေကို သန့်ရှင်းစွာ ထိန်းသိမ်းထားသိုပြီး စနစ်တကျအသုံးပြုခြင်း၊ ကျန်းမာရေးအသိ၊ သတိနဲ့ နေထိုင်စားသောက်ခြင်းဖြင့် ရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်သင့်ပါကြောင်း အကြံပြုပြောကြားလိုပါတယ်။ **သတင်းအဖွဲ့**

# ချမ်းမြသာစည်မြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၄**

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဦးဆောင်၍ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း



အခမ်းအနားကို ယနေ့ နံနက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပရာ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်အိနန္ဒာဝင်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်လှိုင်မြင့်တို့က ဗီတာမင်အကြွယ်ဝသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ ပဲနှင့် အစေ့အဆန်အမျိုးမျိုး၊ တိရစ္ဆာန်မှရသောအစားအစာများ၊ ခင်းကျင်းထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး KG၊ Grade -1 နှင့် Grade -2 ကလေးငယ်များအား ပဲနို့ဘူး၊ ပေါင်မုန့်နှင့် ငှက်ပျောသီးများကို ကျွေးမွေးကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်သွားဆရာဝန် ဒေါက်တာသန်းသန်းရှိန်နှင့် တာဝန်ရှိသူများက Grade- 2 ကျောင်းသား ကျောင်းသူများအား နည်းလမ်းမှန်ကန်စွာ သွားတိုက်နည်းများ သင်ကြားပေးခြင်းနှင့် သွား ကျန်းမာခြင်း ရှိ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။ **အလင်းသစ်**

● *ကျောဖုံးမှ*

စိုးရိမ်ရေမှတ်အောက် ၂၈ စင်တီမီတာအလိုတွင် ရောက်ရှိနေပြီးနောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဝေနမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၉ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ ပြည်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခရီးသည်များ နာရီတာလေဆိပ်တွင် တစ်ညလုံးစောင့်ဆိုင်းခဲ့ရ

**တိုကျို ဩဂုတ် ၁၄**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရထားနှင့် ဘတ်စ်ကားဝန်ဆောင်မှုတို့ ယာယီရပ်နားထားသည့်အတွက် ခရီးသည် ၇၀၀၀ ခန့်မှာ ဩဂုတ် ၁၃ ရက်က ချီဘာစီရင်စုရှိ နာရီတာလေဆိပ်တွင် သောင်တင်ကာ တစ်ညလုံး စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။



လေဆိပ်အတွင်းရှိ ကန့်သတ်ထားသောနေရာတွင် ခရီးသည်အချို့ကို ညအိပ်စက်ခွင့် ပေးခဲ့သည်။ တိုကျိုမြို့အပြင်ဘက်ရှိ အဆိုပါလေဆိပ်ကို အဓိကစီမံခန့်ခွဲသူများသည် ခရီးသွားများအတွက် အစားအစာ၊ ရေသန့်နှင့် အိပ်ရာခင်းအိတ်များ ထောက်ပံ့ပေးခဲ့သည်။

ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ရထားနှင့် ဘတ်စ်ကားများ ပြေးဆွဲမှု ပြန်လည်စတင်ခဲ့သည့်အတွက် ခရီးသည်များ တန်းစီ၍ စောင့်ဆိုင်းခဲ့ကြသည်။ လေယာဉ်ခရီးရှည်စီးလာပြီး လေဆိပ်တွင် ညအိပ်ခဲ့ရသည့်အတွက် အလွန်ပင်ပန်းကြောင်း ဆန်ဖရန်စစ္စကိုမြို့မှ ခရီးသွားတစ်ဦးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံက နိုင်ငံခြားသား ၁၀၉၃ ဦးကို ဆိုက်ဘာရာဇဝတ်မှုများဖြင့် ဖမ်းဆီး

**ကိုလံဘို ဩဂုတ် ၁၄**

သီရိလင်္ကာနိုင်ငံရဲတပ်ဖွဲ့သည် ယခုနှစ်အတွင်း ဆိုက်ဘာရာဇဝတ်မှု၊ ငွေကြေးလိမ်လည်မှုများနှင့် ဆက်စပ်သည့် စစ်ဆင်ရေး ၂၇ ခုတွင် နိုင်ငံခြားသား ၁၀၉၃ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အက်ဖ်ယူ ဝုတလာက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် ဝုတလာက ရာဇဝတ်မှုဆိုင်ရာကွန်ရက်များသည် သီရိလင်္ကာနိုင်ငံနှင့် နိုင်ငံရပ်ခြားရှိ လူများကို ပစ်မှတ်ထားရန် ဒီဂျစ်တယ်ပလက်ဖောင်းများ၊ လူမှုကွန်ရက်မီဒီယာနှင့် အွန်လိုင်းငွေကြေးစနစ်များကို ပိုမိုအသုံးပြုလာသဖြင့် ဆိုက်ဘာရာဇဝတ်မှုသည် လုံခြုံရေးဆိုင်ရာ အဓိကစိုးရိမ်စရာတစ်ခုဖြစ်လာကြောင်း ပြောကြားသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် ဆောက်လုပ်ဆဲ ဥမင်လိုဏ်ခေါင်း ပြိုကျပြီး ခုနစ်ဦး သေဆုံး

**နယူးဒေလီ ဩဂုတ် ၁၄**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း တောင်တန်းဒေသရှိ ဥတ္တရာခန်းပြည်နယ်တွင် ဆောက်လုပ်ဆဲ ဥမင်လိုဏ်ခေါင်းတစ်ခု ရုတ်တရက်ပြိုကျခဲ့ရာ အနည်းဆုံး လူခုနစ်ဦးသေဆုံးခဲ့ကြောင်း ဒေသခံအာဏာပိုင်တစ်ဦးက ဩဂုတ် ၁၄ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါဖြစ်စဉ်မှာ ယမန်နေ့ညနေပိုင်းတွင် ပြည်နယ်အတွင်းရှိ ချာမိုလီခရိုင် ပီပယ်လ်ကိုတီဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆောက်လုပ်ဆဲ ဥမင်လိုဏ်ခေါင်းအတွင်း အလုပ်သမား ၂၅ ဦးခန့် ရှိနေစဉ် ရေနှင့် အပျက်အစီးများ ရုတ်တရက်အရှိန်အဟုန်ဖြင့် ဝင်ရောက်လာသဖြင့် အလုပ်သမားများ ဥမင်အတွင်း ပိတ်မိခဲ့ကြသည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အလုပ်သမား ၁၆ ဦးခန့်ကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ခုနစ်ဦး၏ ရုပ်အလောင်းများကိုလည်း ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသခံအာဏာပိုင်တစ်ဦးက ထပ်မံပြောကြားသည်။ ဆောက်လုပ်ဆဲ အဆိုပါ ဥမင်လိုဏ်ခေါင်းကို အိန္ဒိယအစိုးရပိုင် THDC India Limited က တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗီယက်နမ်၌ လေဆိပ်ကန့်သတ်လေပိုင်နက်အတွင်း ဒရုန်းဝင်ရောက်မှု နှစ်ဝက်အတွင်း ၁၇ ကြိမ် ဖြစ်ပွား

**ဟနွိုင်း ဩဂုတ် ၁၄**

ဗီယက်နမ်နိုင်ငံ၌ လေဆိပ်များ၏ ပျံသန်းခွင့်ကန့်သတ်ထားသော လေပိုင်နက်အတွင်း ဒရုန်းများ သို့မဟုတ် အခြားလေယာဉ်များ ဝင်ရောက်ခဲ့သည့် ဖြစ်စဉ်များမှာ ၂၀၂၅ ခုနှစ်တွင် ၃၄ ကြိမ်ဖြစ်ပွားပြီးနောက် ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း ၁၇ ကြိမ် ထပ်မံဖြစ်ပွားခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဩဂုတ် ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

အမျိုးသား လုံခြုံရေးဝန်ကြီးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဌာနက ဒရုန်းများ သို့မဟုတ် အခြားလေယာဉ်များ ကန့်သတ်လေပိုင်နက်အတွင်း ဝင်ရောက်မှု တစ်ကြိမ်စီ ဖြစ်ပွားတိုင်း ဖြစ်နိုင်ခြေရှိသော လေယာဉ်တိုက်မိမှုများကို ကာကွယ်ရန် လေကြောင်း ထိန်းချုပ်ရေးအရာရှိများအနေဖြင့် လေယာဉ်များ ပျံတက်ခြင်းကို ရပ်ဆိုင်းခြင်း၊ ဆင်းသက်ခြင်းကို ယာယီရပ်တန့်ခြင်း သို့မဟုတ် လေယာဉ်များကို အခြားလေဆိပ်များသို့ လမ်းကြောင်းပြောင်းပေးခြင်းများ ပြုလုပ်ရနိုင်ကြောင်း သတိပေးခဲ့သည်။

အာဏာပိုင်များက လေဆိပ်များအနီးတွင် ဒရုန်းများ ပျံသန်းခြင်းမပြုရန် ပြည်သူများကို သတိပေးထားသည်။ စည်းမျဉ်းချိုးဖောက်သူများအနေဖြင့် ဗီယက်နမ်ဒေါင် သန်း ၅၀ (အမေရိကန်ဒေါ်လာ ၁၉၂၀ ခန့်) အထိ ဒဏ်ငွေချမှတ်ခံရနိုင်သည့်အပြင် ဒရုန်းများသိမ်းဆည်းခံရခြင်း၊ ဒရုန်းပျံသန်းခွင့် ရပ်ဆိုင်းခံရခြင်းတို့နှင့် ရင်ဆိုင်ရနိုင်သည်။ ထို့အပြင် ပြစ်မှုကျူးလွန်မှု ပြင်းထန်ပါက ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရနိုင်ပြီး ထောင်ဒဏ်အမြင့်ဆုံး ၁၅ နှစ်အထိ ချမှတ်ခံရနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

**ဆင်ဟွာ**

## ဇင်ဘာဘွေနိုင်ငံ၌ ရေယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူ ၄၆ ဦးရှိ

**ဟာရာရဲ ဩဂုတ် ၁၄**

ဇင်ဘာဘွေနိုင်ငံ ကာရီဘာရေကန်အတွင်း ရေယာဉ်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွားသဖြင့် သေဆုံးသူပေါင်းမှာ ၄၆ ဦးရှိကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံ သမ္မတအမ်မာဆန်အန်နာဂါဂါက အဆိုပါ မတော်တဆမှုကို အမျိုးသားအဆင့် ဘေးအန္တရာယ်တစ်ခုအဖြစ် ဩဂုတ် ၁၂ ရက်က ကြေညာခဲ့ပြီး ထိခိုက်ခံစားခဲ့ရသည့် မိသားစုများထံသို့ ဆေးကုသမှု၊ စိတ်ပိုင်းဆိုင်ရာနှင့် ဈာပနဆိုင်ရာအထောက်အပံ့များ အပါအဝင် လိုအပ်သည့်အကူအညီများအားလုံး ပေးအပ်ရန် သက်ဆိုင်ရာတာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း သိရသည်။ ကာရီဘာမြို့မှ ချာလာလာငါးဖမ်းစခန်းသို့ သွားရောက်ခဲ့သည့် အဆိုပါရေယာဉ်မှာ ခရီးသည် ၁၄၄ ဦး၊ အမှုထမ်းငါးဦးနှင့် အတည်မပြုနိုင်သေးသည့် ကလေးအရေအတွက်ကို တင်ဆောင်လာစဉ် မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေကန်အတွင်းမှ လူ ၇၇ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## တောမီးကြောင့် ခရိုအေးရှားနိုင်ငံ၌ လူပေါင်း ၁၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေး

**ဇာဂရက်ဗ် ဩဂုတ် ၁၄**

ခရိုအေးရှားနိုင်ငံ တောင်ပိုင်း အိုမစ်မြို့တွင် တောမီးလောင်မှု အကြီးအကျယ် ဖြစ်ပွားနေသည့်အတွက် ဒေသခံနှင့် ခရီးသွား ၁၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ပြည်တွင်းမီဒီယာတွင် ဩဂုတ် ၁၄ ရက်က ဖော်ပြထားသည်။



တောမီးလောင်မှု ဖြစ်ပွားရာတစ်လျှောက်ရှိ လူများကို ထပ်မံ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရဖွယ်ရှိသည်ဟု အိုမစ်မြို့တော်ဝန် ဇဗွန်ကို မိုချစ်က ပြောသည်။

လေ့ဗာ ရိုဂေ့ါဇ်နစ်ကာ ကျေးရွာအနီးတွင် ဩဂုတ် ၁၃ ရက် ည ၈ နာရီ ၂၀ မိနစ်က တောမီးစတင်လောင်ခဲ့ပြီး အိုမစ်မြို့အထက်ပိုင်း နေရာများသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ မော်တော်ယာဉ်များနှင့် နေအိမ်များ မီးလောင်ခံရမည့် အန္တရာယ်ရှိသည်ဟု ဟီနာ သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ မီးသတ်ကား ၄၄ စီးနှင့် မီးသတ်သမား ၁၅၇ ဦးဖြင့် ညလုံးပေါက် မီးငြိမ်းသတ်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ ချီဘာစီရင်စုတွင် စံချိန်တင်မိုးရွာသွန်းမှုဖြစ်ပွားပြီး လူရှစ်ဦးသေဆုံး

**တိုကျို ဩဂုတ် ၁၄**

ဂျပန်နိုင်ငံ ချီဘာစီရင်စုတွင် ဩဂုတ် ၁၄ ရက် နံနက်အစောပိုင်းအထိ စံချိန်တင် မိုးရွာသွန်းမှုများ ဖြစ်ပွားခဲ့ရာ လက်ရှိအချိန်အထိ လူရှစ်ဦး သေဆုံးကြောင်း အတည်ပြုထားသည်။

ကားရပ်နားရာ နေရာများ၊ လမ်းများနှင့် လူနေအိမ်ရာနေရာ အနှံ့အပြားတွင် ရေလွှမ်းမိုးခဲ့သည်။ မိုးလေဝသအာဏာပိုင်များက နောက်ထပ်မိုးသည်းထန်စွာ ရွာသွန်းနိုင်သေးကြောင်း သတိပေးထားပြီး ပြည်သူများအနေဖြင့် ဆက်လက်သတိပြု နေထိုင်ရန် တိုက်တွန်းထားသည်။

ဂျပန်မိုးလေဝသအေဂျင်စီက ချီဘာစီရင်စု၏ အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မြေပြိုမှုအန္တရာယ်အတွက် အမြင့်ဆုံးဖြစ်သည့် အဆင့် ၅ အရေးပေါ် သတိပေးချက်ကို အစောပိုင်းရက်က ထုတ်ပြန်ခဲ့သည်။

ဒေသခံရဲတပ်ဖွဲ့၏ ပြောကြားချက်အရ လူရှစ်ဦး သေဆုံးခဲ့ကြောင်း အတည်ပြုထားသည်။ သေဆုံးသူများအနက် အချို့ကို ရေလွှမ်းမိုးနေသည့် လမ်းများပေါ်တွင် တွေ့ရှိခဲ့ပြီး အခြားသူများမှာ မော်တော်ယာဉ်များအတွင်း ပိတ်မိနေခဲ့သည်ကို တွေ့ရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

Tokyo Electric Power Company (TEPCO)၏ ပြောကြားချက်အရ ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီအချိန်အထိ ချီဘာ၊ အီဘာရာကီနှင့် တိုချီဂီစီရင်စုများရှိ အိမ်ထောင်စုပေါင်း ၂၀၀၀၀ ခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်နေခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အစာအဆိပ်သင့်သည်ဟု သံသယရှိသဖြင့် အင်ဒိုနီးရှားကျောင်းသား ၂၆၀ ကျော် ဆေးရုံတက်ရ

**ဂျကာတာ ဩဂုတ် ၁၄**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်တွင် ကျောင်းသား ၂၆၉ ဦးခန့်မှာ နေ့လယ်စာစားပြီးနောက် အစာအဆိပ်သင့်သည့် လက္ခဏာများ ပြသလာသည့်အတွက်ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရကြောင်း ပြည်တွင်းမီဒီယာတွင် ဩဂုတ် ၁၄ ရက်က ဖော်ပြထားသည်။

ကာရိုခရိုင်ရှိ စာသင်ကျောင်းငါးကျောင်းမှ ကျောင်းသားများသည် အော့အန်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အရေပြားတွင်အဖုအပိမ့်များထွက်ခြင်းနှင့် အချို့သောသူများမှာ အသက်ရှူရခက်ခဲခြင်းတို့ ဖြစ်ပေါ်လာသည်။ ၎င်းတို့ကို ကုသမှုခံယူရန် ဒေသတွင်းဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ရသည်။

ယင်းကဲ့သို့ ရောဂါလက္ခဏာများ ဖြစ်ပွားရခြင်းမှာ ငါးဟင်းတစ်မျိုးကြောင့် ဖြစ်ကြောင်း ဒေသခံပညာရေးအရာရှိ တစ်ဦးဖြစ်သူ ဇူကာနိမ်းဘာရစ်က ပြောသည်။

အဆိုပါငါးဟင်းကို ချက်ပြုတ်သည့် စားဖိုဆောင်မှ အစားအသောက်နမူနာကို ဓာတ်ခွဲစမ်းသပ်ရန်ပို့ဆောင်ထားကြောင်း ၎င်းက ဆက်ပြောသည်။

အစာ အဆိပ်သင့်သည်ဟု သံသယရှိသော ကျောင်းသားများအားလုံး၏ အခြေအနေမှာ တည်ငြိမ်လျက်ရှိသည်ဟု ဇူကာရိ က အတည်ပြုခဲ့သည်။

**ဆင်ဟွာ**




# ရောဝတီအက်ဖ်စီအသင်း အမေရိကန် တောင်ပံကစားသမား မက်ကန်နာ ဒေးဗစ်ဆန်အား ခေါ်ယူ

ရန်ကုန် ဩဂုတ် ၁၄

ရောဝတီအက်ဖ်စီ အမျိုးသမီးအသင်းသည် ရှေ့လာမည့် အာရှချန်ပီယံလိဂ် ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဥရောပအမျိုးသမီး ချန်ပီယံလိဂ် (UEFA Women's Champions League) အပါအဝင် ဥရောပနှင့် အာရှကလပ်များတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး အတွေ့အကြုံရင့် အမေရိကန်နိုင်ငံသား အမျိုးသမီး တောင်ပံကစားသမား မက်ကန်နာ ဒေးဗစ်ဆန်ကို တရားဝင် ခေါ်ယူလိုက်ပြီဖြစ်သည်။

စွယ်စုံရ ကစားသမားတစ်ဦးဖြစ်သည့် McKenna Davidson သည် တောင်ပံတိုက်စစ်အပြင် ခံစစ်နေရာများတွင်လည်း ကျွမ်းကျင်စွာ ကစားနိုင်သူဖြစ်သည့်အတွက် ရောဝတီအက်ဖ်စီ၏ တိုက်စစ်နှင့် ခံစစ်ပိုင်း နှစ်ခုစလုံးကို ပိုမိုအင်အားတောင့်တင်းလာစေမည်ဖြစ်သည်။

၎င်း၏ နိုင်ငံတကာပြိုင်ပွဲကြီးများတွင် ကစားခဲ့သည့် အတွေ့အကြုံများသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ၌ အသင်းအောင်မြင်မှုများဆွတ်ခူးနိုင်ရေးအတွက် အဓိကအထောက်အကူ ပြုနိုင်မည်ဟု ရောဝတီအက်ဖ်စီ အသင်းဘက်က အပြည့်အဝ ယုံကြည်မျှော်လင့်ထားကြောင်း သိရသည်။

**နေမျိုး၊ ဓာတ်ပုံ-AWFC**

❏ *ကျောဖုံးမှ*

မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် မလေးရှားအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲအချိန်တွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များအား ဩဂုတ် ၂၂ ရက်နှင့် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် အသီးသီးယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအား MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

၃၇ စက္ကန့်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၇) ငြိမ်းမင်းစိုးက ပထမဦးဆောင်ဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် ၁၁ မိနစ် ၄၅ စက္ကန့်တွင် ကျောနံပါတ်(၇) ထွန်းအောင်ကျော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအတွက် ပထမဆုံး ချေပဂိုးကို သွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၁၇ မိနစ် ၂၄ စက္ကန့်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၁) ထွဋ်ဝေထွန်းက ဒုတိယဂိုးကိုလည်းကောင်း၊ ပထမပိုင်းပွဲပြီးရန် ၁ မိနစ် စက္ကန့် ၄၀ အလိုတွင် ကျောနံပါတ်(၁၁) နိုင်ထွန်းလူက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအတွက် ဒုတိယချေပဂိုးကိုလည်းကောင်း ထပ်မံသွင်းယူပေးခဲ့သည်။

ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့်အတွက် နှစ်သင်းစလုံး အကြိတ်အနယ် အနိုင်ဂိုးများ အပြန်အလှန်သွင်းယူခဲ့ကြရာ ဒုတိယပိုင်းပွဲပြီးဆုံးချိန်တွင် နှစ်သင်းစလုံး တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြစ်နေသည့်အတွက် အချိန်ပို ၅ မိနစ် (၂)ပိုင်း ထပ်မံယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံး ဂိုးသမားဆု ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၂) မင်းခန့်အောင်အား ဆုဖလား (Trophy)နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် နှစ်သိန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၁) နိုင်ထွန်းလူအား ဆုဖလား(Trophy)နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် နှစ်သိန်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က လည်းကောင်း၊ အသန့်ရှင်းဆုံး အသင်းဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား ဆုဖလား (Trophy) နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် ငါးသိန်းကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်ကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် ၁၅ သိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် ၁၅ သိန်းကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် သိန်း ၅၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်ကလည်းကောင်း၊ ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေး ငွေကျပ်သိန်း ၁၀၀ နှင့် အမျိုးသားတံခွန်စိုက် ဆုဖလားတို့ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာ့အားကစားကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် Mass Sports မှ Excellent Sports အဆင့်ထိ ရောက်ရှိစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဩဂုတ် ၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ၁၂ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၂၅ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားအင်အား ၄၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၀ သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ ခဲယမ်းများနှင့်အတူ ပြန်လည် ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မှ အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား သုံးဦး၊ အုတ်ဖိုမြို့မှ အမျိုးသား ရှစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား လေးဦး စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ ပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် သုံးလက်၊ M-4 သေနတ် သုံးလက်၊ BA-63 သေနတ် တစ်လက်၊ အီနာဂါဗုံးသီး တစ်လုံး၊ လက်ပစ်ဗုံး သုံးလုံး၊ ၅ ဒသမ ၅၆ မမ ကျည် ၃၂၂ တောင့်၊ ၇ ဒသမ ၆၂ မမ ကျည် အတောင့် ၁၄၀၊ ကိုးလုံးကျည် ၁၃ တောင့်နှင့် ကျည်အိမ် ငါးခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ်ခုနစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၅၀၊ အီနာဂါဗုံးသီး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်း၊ လက်ပစ်ဗုံး သုံးလုံးအတွက် ဆုကြေးငွေကျပ် ကိုးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၀ အား တစ်ဦးလျှင် ဆုကြေးငွေကျပ် နှစ်သိန်းစီဖြင့် သိန်း ၄၀ ကျပ်၊ စုစုပေါင်း ဆုကြေးငွေ ၄၀၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ခံဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ ရိုးရာလက်ဝှေ့ အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို (ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသမီး ၄၈ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်လင်းဦး(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စောသိန်းဇော်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စောသိန်းဇော် (အပြာ)က လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေနိုင်ဦး(အနီ) နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထက်ပိုင်စိုး(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ထက်ပိုင်စိုး(အပြာ) ကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရှိန်းထက်ကျော်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်ချစ်ကြည် (အပြာ)တို့ယှဉ်ပြိုင်ခဲ့ရာ အောင်ချစ်ကြည်(အပြာ)ကလည်းကောင်း၊ အမျိုးသား ၅၁ ကီလိုတန်း (ဂ အဆင့်)ပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးအသင်းမှ စိုးမိုးလွင်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လိန်းဟုန်(အပြာ)တို့ယှဉ်ပြိုင်ခဲ့ရာ စိုးမိုးလွင်(အနီ)ကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ချမ်းမြေ့နိုင်(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ကျော်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ကောင်းခန့်ကျော်(အပြာ)ကလည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ဆွတ်မျိုးထွယ် (အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ မင်းသစ္စာ(အပြာ) တို့ ယှဉ်ပြိုင်ခဲ့ရာ မင်းသစ္စာ(အပြာ)ကလည်းကောင်း၊ အမျိုးသား ၆၀ ကီလိုတန်း(ဂ အဆင့်)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဆန်းလင်းအောင် (အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ခခရန်မျိုးဂျက်ခေါင် (အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ခခရန်မျိုးဂျက်ခေါင် (အပြာ) ကလည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ အောင်လင်းဦး(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ စန်းကိုကို(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ အောင်လင်းဦး(အနီ)ကလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ စောသန့်ဇင်ဦး(အနီ)နှင့် ရောဝတီတိုင်းဒေသကြီးအသင်းမှ ရဲမွန်ကျော်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စောသန့်ဇင်ဦး(အနီ) ကလည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို(ဂ အဆင့်) ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ သီဟ(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ထွန်းထွန်းထက်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ သီဟ(အနီ)က လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စည်သူအောင်(အနီ)နှင့် ရောဝတီတိုင်းဒေသကြီးအသင်းမှ စထက်လင်း (အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စထက်လင်း(အပြာ) ကလည်းကောင်း၊ အမျိုးသမီး ၄၈ ကီလိုပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ပန်းသဇင်မြင့်(အနီ)နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ မလောမံ(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ မလောမံ(အပြာ)ကလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ သဲမြတ်မွန်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အေးအေးနွယ်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ အေးအေးနွယ် (အပြာ) ကလည်းကောင်း၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ထားဗိုလ်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နော်အယ်ဆဲဖော (အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ သက်ထားဗိုလ်(အနီ)ကလည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ နော်ပွင့်ချောစု(အနီ)နှင့် ကယားပြည်နယ်အသင်းမှ ပိုးပိုးဥ(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ နော်ပွင့်ချောစု (အနီ)ကလည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ဩဂုတ် ၁၅ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၀ ကီလိုလူသစ်တန်း (ကွာတားဖိုင်နယ်) ပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်း (ကွာတားဖိုင်နယ်)ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်) (ကွာတားဖိုင်နယ်)ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို(ဂ အဆင့်) (ကွာတားဖိုင်နယ်) ပြိုင်ပွဲ၊ အမျိုးသမီး ၅၄ ကီလို(ကွာတားဖိုင်နယ်)ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **အခမဲ့**လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်းနှင့် ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှ ၂၀ ရက်အထိ သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ ၈ ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အားကစားဆိုတာ အနိုင်အရှုံးထက် ချစ်ကြည်ရင်းနှီးမှု၊ စည်းကမ်းနဲ့ အားကစားသမားစိတ်ဓာတ်ကို အဓိကထားရတာဖြစ်တဲ့အတွက် ဒီစိတ်ဓာတ်ကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး နောင်လာမယ့်ပြိုင်ပွဲတွေမှာလည်း ပိုမိုကောင်းမွန်တဲ့စွမ်းဆောင်ရည်တွေနဲ့ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်

**ဦးထွန်းနိုင်ဦး**

**နေပြည်တော် ဩဂုတ် ၁၄**

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင် ကစားခဲ့ကြပြီး သာမန်ပွဲကစားချိန်တွင် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်နေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးဆုံးချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေး ဝန်ကြီးဌာနအသင်းကို လေးဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ပွဲချိန်တစ်လျှောက် နှစ်သင်းစလုံး၏ စိတ်လှုပ်ရှားဖွယ် ယှဉ်ပြိုင်မှုများကို ပရိသတ်များကလည်း အပြိုင်အဆိုင်တစ်ခဲနက်အားပေးခဲ့ကြပြီး အသင်းလိုက် စုစည်းညီညွတ်မှုတို့ဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းသည် ပြိုင်ဘက်အသင်းကို အနိုင်ရရှိကာ ယခုနှစ်ပြိုင်ပွဲ၏ ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

"၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာ ဂုဏ်ယူမိပါတယ်။ ဒီအောင်မြင်မှုဟာ နည်းပြတစ်ဦးတည်း၊ ကစားသမားတစ်ဦးတည်းရဲ့ အောင်မြင်မှုမဟုတ်ဘဲ အသင်းတစ်သင်းလုံးရဲ့ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှုနဲ့ အားလုံးတစ်စိတ်တစ်ဝမ်းတည်းကြိုးစားခဲ့ကြတဲ့ ရလဒ်ဖြစ်ပါတယ်။ ပြိုင်ပွဲတစ်လျှောက် ပြိုင်ဘက်အသင်းတိုင်းကို အလေးထားပြီး နည်းပြက ပွဲစဉ်အလိုက် နည်းဗျူဟာတွေကို ပြင်ဆင်အသုံးချခဲ့ပါတယ်။ ကစားသမားတွေကလည်း လေ့ကျင့်ထားတဲ့အတိုင်း စိတ်ဓာတ်ခိုင်မာစွာနဲ့ အကောင်းဆုံးကစားခဲ့ကြတာကြောင့် အခုလို အောင်မြင်မှုကို ရရှိခဲ့တာဖြစ်ပါတယ်။



ဦးထွန်းနိုင်ဦး

ဒီဆုဖလားဟာ အသင်းသားအားလုံးရဲ့ ချွေးနဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုတဲ့ သင်္ကေတတစ်ခုဖြစ်သလို ကျွန်တော်တို့အသင်းအတွက် ပိုမိုကြိုးစားဖို့ တွန်းအားတစ်ခုလည်း ဖြစ်ပါတယ်။ အားကစားဆိုတာ အနိုင်အရှုံးထက် ချစ်ကြည်ရင်းနှီးမှု၊ စည်းကမ်းနဲ့ အားကစားသမားစိတ်ဓာတ်ကို အဓိက ထားရတာဖြစ်တဲ့အတွက် ဒီစိတ်ဓာတ်ကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး နောင်လာမယ့် ပြိုင်ပွဲတွေမှာလည်း ပိုမိုကောင်းမွန်တဲ့ စွမ်းဆောင်ရည်တွေနဲ့ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပ ပြုလုပ်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများ၊ အသင်းကို အစဉ်တစိုက် ပံ့ပိုးအားပေးခဲ့ကြသူများနဲ့ ပွဲစဉ်တိုင်း လာရောက်အားပေးခဲ့ကြတဲ့ ပရိသတ်များ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်" ဟု ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်း အုပ်ချုပ်သူ ဦးထွန်းနိုင်ဦးက ပြောသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံး(အမျိုးသား)ပြိုင်ပွဲတွင် တစ်ဦးချင်းအကောင်းဆုံး အားကစားသမားဆုရရှိကြသူများ၊ အသန့်ရှင်းဆုံးအသင်းဆုရရှိခဲ့သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ပူးတွဲတတိယဆုရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပထမချန်ပီယံဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်၊ ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



မောင်နိုင်ထွန်းလူ

" ဒီနေ့ ပြိုင်ပွဲမှာ ပထမဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီအောင်မြင်မှုဟာ ကျွန်တော်တစ်ယောက်တည်းရဲ့ အောင်မြင်မှုမဟုတ်ဘဲ နည်းပြအဖွဲ့၊ အသင်းဖော်အားလုံးနဲ့ ကျွန်တော်တို့အသင်းကို အစဉ်တစိုက် အားပေးကူညီခဲ့ကြသူအားလုံးရဲ့ ပူးပေါင်းကြိုးပမ်းမှုရလဒ် ဖြစ်ပါတယ်။ ပြိုင်ပွဲတစ်လျှောက် ပွဲစဉ်တိုင်းကို အလေးထားပြီး အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာလည်း ပြိုင်ဘက်အသင်းက အင်အားတောင့်တင်းပြီး အရည်အချင်းရှိတဲ့အသင်းဖြစ်တဲ့အတွက် အခက်အခဲတွေရှိခဲ့ပေမယ့် အသင်းဖော်တွေအချင်းချင်း ယုံကြည်မှု၊ စည်းလုံးညီညွတ်မှုနဲ့ နည်းပြတွေရဲ့ မှန်ကန်တဲ့ ညွှန်ကြားမှုတွေကြောင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီနေ့ပွဲကို လာရောက်အားပေးခဲ့ကြတဲ့ ပရိသတ်အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ သူတို့ရဲ့ အားပေးမှုက ကျွန်တော်တို့ အသင်းအတွက် အင်အားတစ်ရပ် ဖြစ်ခဲ့ပါတယ်" ဟု ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းမှ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသူ မောင်နိုင်ထွန်းလူက ပြောသည်။




ဦးဇော်မျိုးအောင်

ယခုပြိုင်ပွဲကို အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဖူဆယ်အားကစားသမားများ အချင်းချင်း စည်းလုံးညီညွတ်မှုရှိပြီး ဖူဆယ်အားကစားနည်း ပိုမိုထွန်းကားပြန့်ပွားလာစေရေး အပြင် "One Team , One Goal" ဆိုသည့် ဖူဆယ်အားကစားနည်း၏ ဆောင်ပုဒ်အတိုင်း " ပြိုင်ပွဲကွင်းအတွင်း အားကစားသမားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များကို စုစည်းပြီး အနိုင်ရရှိရေးနှင့်အသင်းအောင်နိုင်ရေးဆိုသည့် တူညီသည့်ပန်းတိုင်တစ်ခုတည်းဆီသို့ အားလုံးလက်တွဲပြီး တစ်ပြိုင်တည်း တွန်းအားပေးတက်လှမ်းခြင်းဖြင့် စိတ်တူကိုယ်တူ ညှိနှိုင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်" ဆိုသည့် သဘောကိုဖော်ဆောင်နိုင်စေရေးနှင့် လူငယ်များဖူဆယ်အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးတို့အတွက် ရည်ရွယ်ပြီး ကျင်းပပြုလုပ်ပေးခြင်းဖြစ်သည်။

"ဒီနေ့ ဗိုလ်လုပွဲကို လာရောက်ကြည့်ရှုရတာ အလွန်ကျေနပ်အားရမိပါတယ်။ အသင်းနှစ်သင်းစလုံး အနိုင်အရှုံးကို အလေးထား ယှဉ်ပြိုင်ခဲ့ကြပေမယ့် အားကစားသမားစိတ်ဓာတ်၊ စည်းကမ်းလိုက်နာမှုနဲ့ အပြန်အလှန်လေးစားမှုတွေကို အပြည့်အဝ မြင်တွေ့ခဲ့ရပါတယ်။ ပွဲရဲ့အရှိန်အဟုန်၊ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ ပရိသတ်တွေရဲ့ အားပေးသံတွေကြောင့် ပွဲစဉ်တစ်လျှောက် စိတ်လှုပ်ရှားစရာ ကောင်းခဲ့ပါတယ်။ အထူးသဖြင့် နှစ်သင်းစလုံးက အသင်းလိုက်ချိတ်ဆက်ကစားပုံ၊ စည်းလုံးညီညွတ်မှုနဲ့ အနိုင်ရရှိရေးအတွက် နောက်ဆုံးမိနစ်အထိ အရှုံးမပေးဘဲ ကြိုးစားယှဉ်ပြိုင်ခဲ့တာကို သဘောကျမိပါတယ်။ အခုလို ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွေက ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုကို ပိုမိုတိုးတက်စေရုံသာမက ကျန်းမာကြံ့ခိုင်ရေးနဲ့ အားကစားကိုလည်း မြှင့်တင်ပေးတဲ့ပွဲဖြစ်တဲ့အတွက်ကြောင့် ပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပရင် ပရိသတ်တွေ ပိုမိုလာရောက်အားပေးမယ့် ယခုလို ပွဲစဉ်ကောင်းတွေ ဖြစ်လာမှာပါ" ဟု ဗိုလ်လုပွဲ ပွဲစဉ်သို့ ဥဏ္ဏသိဒ္ဓိရပ်ကွက်မှ လာရောက်ကြည့်ရှုအားပေးသူ ဦးဇော်မျိုးအောင်က ပြောသည်။

ပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဘောလုံးအားကစားကို ချစ်မြတ်နိုးကြသည့် ပြည်သူများ ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံတွင် ဖူဆယ်အားကစားနည်းကို ၁၉၉၈ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်ပေးမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနဖလားဖူဆယ်ပြိုင်ပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာဘောလုံးအားကစားကွင်းတွင် စတင်ကျင်းပခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ယနေ့အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိဖူဆယ်အားကစားရုံ၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၂၅ သင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း ၄၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဆက်သစ်**

**ဓာတ်ပုံ - ရွှေကိုလေး**

## ရာသီဝက်ချန်ပီယံ ဖြစ်လာသည့် ISPE အသင်း

**ရန်ကုန် ဩဂုတ် ၁၄**

MNL U-20 League 2026 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၃) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက ဆက်လက်ယှဉ်ပြိုင်ကစားရာ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် ISPE အသင်း၊ သီဟဒီပကွင်း၌ GALAXY FC နှင့် ချင်းလန်းအသင်း၊ ဗဟန်းကွင်း၌ ရွှေဝတီယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

ရန်ကုန်ယူနိုက်တက်နှင့် ISPE အသင်းပွဲစဉ်တွင် အပြန်အလှန်ထိုးဖောက်ကစားခဲ့ကြပြီး မိနစ် ၄၀ တွင် ရရှိခဲ့သော ပယ်နယ်တီမှ



တစ်ဆင့် ခွန်ချိုထူးက ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ထို့နောက် ပွဲချိန်နာကျင်အချိန်ပို (၄၅+၁)မိနစ်တွင် ISPE အသင်းမှ မာန်ရဲလေးက ရန်ကုန်ယူနိုက်တက်အသင်း နောက်တန်းခံစစ်ကြားက ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုး - တစ်ဂိုး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အမှတ်ပေးဇယား ထိပ်ဆုံးနှစ်သင်း၏ တွေ့ဆုံမှုဖြစ်သည်နှင့်အညီ ဒုတိယပိုင်းတွင် ဦးဆောင်ဂိုးများ ထပ်မံရရှိရေးအတွက် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထိုသို့ ယှဉ်ပြိုင်စဉ် ပွဲချိန် ၅၉ မိနစ်နှင့် မိနစ် ၇၀ တို့တွင် ISPE အသင်းမှ မင်းကိုခန့်က ဦးဆောင်ဂိုးနှင့် အနိုင်ဂိုးများကို သွင်းယူပေးခဲ့သဖြင့် ရန်ကုန်ယူနိုက်တက်အသင်း အနေဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ISPE အသင်းသည် ယနေ့ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ရခဲ့သည့်အတွက် စုစုပေါင်းရမှတ် ၃၂ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့်(၁) နေရာ၌ ဆက်လက် ရပ်တည်နိုင်ခဲ့ပြီး ရာသီဝက်ချန်ပီယံ ဖြစ်လာခဲ့သည်။

အခြား ပွဲစဉ်တစ်ခုဖြစ်သည့် သီဟဒီပကွင်း၌ ကျင်းပသော ပွဲစဉ်တွင် GALAXY အသင်းက ချင်းလန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay Man of the Match (ပွဲစဉ်အကောင်းဆုံး ကစားသမားဆု) ကို GALAXY အသင်း ခေါင်းဆောင် ပိုင်ဇေထွန်းက ဆွတ်ခူးရရှိခဲ့သည်။

ထို့ပြင်ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ရတနာပုံအသင်းက ရွှေဝတီယူနိုက်တက်အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ရတနာပုံအသင်းအတွက် နှစ်ဂိုးသွင်းယူကာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူ ကျောနံပါတ်(၂၀) သာထက်နောင်က AYA Pay Man of the Match ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ပွဲစဉ် (၁၃) ၏ တတိယနေ့ ပွဲစဉ်များအဖြစ် ဩဂုတ် ၁၅ ရက်တွင် ရှမ်းယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်နှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**နေမျိုး**

**ဓာတ်ပုံ-MNL**

## မိုးရွာသွန်းခြင်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မြစ်ကြီးနားတက္ကသိုလ်၌ International Relation Office (IRO) နှင့် Technology and Innovation Support Center (TISC) ရုံးခန်းများ ဖွင့်လှစ်

**မြစ်ကြီးနား ဩဂုတ် ၁၄**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြစ်ကြီးနားတက္ကသိုလ်၏ International Relation Office (IRO) နှင့် Technology and Innovation Support Center (TISC) ရုံးခန်းများ ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားတက္ကသိုလ် ပင်မဆောင် Code-2 အခန်း၌ ကျင်းပသည်။

အဆိုပါ ရုံးခန်းများ ဖွင့်လှစ်လိုက်ခြင်းဖြင့် မြစ်ကြီးနားတက္ကသိုလ်၏ နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် နည်းပညာနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ ပံ့ပိုးကူညီမှုများကိုပါ ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် မြစ်ကြီးနားတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်က ရုံးခန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်အတူ IRO နှင့် TISC ရုံးခန်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ကောင်းကောင်း (မြိတ်)**

## ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး မြပန်းအိုင်ခန်းမ၌ပြုလုပ်ရာ အသင်းဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဒေါ်ခင်လပြည့်အေးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်မာချိုက



အမှာစကားပြောကြား၍ အလုံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချယ်ရီအေးက အသင်းများအနေဖြင့် သမဝါယမအသင်း ဥပဒေအရ အမှုဆောင်ရွေးချယ် တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အတွင်းရေးမှူး ဒေါ်သီတာအောင်က ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်ရယူကာ အမှုဆောင်ရွေးချယ်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ အသင်းသား ၅၉ ဦး တက်ရောက်ပြီး အသင်းသားများ၏အကျိုးခံစားခွင့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ဒေးဒရဲမြို့၌ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်း

**ဒေးဒရဲ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များတွင် မိုးရာသီကာလ၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်း လုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝဏ္ဏဝင်း ဦးဆောင်၍ ဝန်ထမ်းများက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းပတ်ဝန်းကျင်နှင့် ဗိုလ်ချုပ်လမ်းမကြီး၊ လမ်းဘေးဝဲယာတစ်လျှောက်ရှိရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဖော်ထုတ်ရှင်းလင်းပေးပြီး ထွက်ရှိအမှိုက်များအားလုံးကိုလည်း



အဖွဲ့ပိုင်ယာဉ်များဖြင့် စနစ်တကျသိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

## လက်ပံတန်းမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောကာကွယ်ရေး အသိပညာပေး

**လက်ပံတန်း ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက မိုးတွင်းကာလတွင် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့ညနေပိုင်းက မြို့မဈေးအဝိုင်းတွင် ဆောင်ရွက်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးအတွက် ရေကိုကြိုချက်သောက်သုံးရန်၊ မသန့်ရှင်းမလတ်ဆတ်သော အစားအစာများကို မစားသုံးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်ကိုစင်ကြယ်စွာ ဆေးကြောရန်၊ ရောဂါဖြစ်ပွားခဲ့ပါက ဆောင်ရန်ရှောင်ရန်အချက်များကို အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် နှိုးဆော်အသိပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ရှီယွန်တက်ခ်က ရီဘာကီနာကို အနိုင်ယူပြီး ကနေဒါအိုးပင်းဖလား ဆွတ်ခူး



အီဂါရှီယွန်တက်ခ်သည် ကနေဒါအိုးပင်းတင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အယ်လီနာရီဘာကီနာကို ၆-၂၊ ၆-၃ ရလဒ်ဖြင့် အနိုင်ယူပြီး ယခုနှစ်ရာသီ၏ ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဂရင်းဆလမ်း ဆုဖလားကို ခြောက်ကြိမ် ဆွတ်ခူးထားသည့် ရှီယွန်တက်ခ်သည် ရီဘာကီနာကို အနိုင်ရယူရန် အချိန်တစ်နာရီနှင့် ၁၅ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရကြောင်း သိရသည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် ကော့ကျူခ်၊ ရှနိုက်ဒါ၊ စဗစ်တိုလီနာကိုစသည့် နာမည်ကြီးတင်းနစ်မယ်များကို အဆင့်ဆင့်ကျော်ဖြတ်ထားသူ ဖြစ်သည်။ ဗိုလ်လုပွဲတွင်လည်း လက်ရှိ ကမ္ဘာ့အဆင့် (၂) ရှိ နာမည်ကြီး ကာဇက်စတန်တင်းနစ်မယ် ရီဘာကီနာကို ထပ်မံ အနိုင်ယူကျော်ဖြတ်ကာ ထိုက်ထိုက်တန်တန် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန်တင်းနစ် အကျော်အမော် ဘင်ရှဲလ်တန်က တစ်နိုင်ငံတည်းသားတင်းနစ်ကစားသမား ဘရွန်ဒွန်ကို အနိုင်ယူကျော်ဖြတ်ကာ ဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဇော်**



## လားရှိုးမြို့၌ အားကစားပစ္စည်းပေးအပ်၍ အားကစားပွဲများကျင်းပ

**လားရှိုး ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ကကျင်းပရာ ခရိုင်ပညာရေးမှူးက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်းက အားကစားပစ္စည်းများ ချီးမြှင့်ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမော်က လက်ခံရယူသည်။

ထို့နောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အမျိုးသားအသင်း ၂၀၊ အမျိုးသမီးအသင်း ၇ သင်း စုစုပေါင်း ၂၇ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**



## မော်လမြိုင်မြို့နယ်၌ အသက် ၁၈ နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းက မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ပြုလုပ်ရာ ဒုတိယဆု၊ ပူးတွဲတတိယဆု ရရှိကြသည့်အသင်းများနှင့် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆု ရရှိသူများအား တာဝန်ရှိသူများက ငွေသားဆုနှင့် တစ်ဦးချင်းဆုများကိုလည်းကောင်း၊ ပထမဆုရရှိသော အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က ငွေသားဆု၊ တစ်ဦးချင်းဆုနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



သာယာဝတီမြို့မဈေးကြီးနှင့် သုံးဆယ်မြို့မဈေးတို့တွင် စားအုန်းဆီ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဖြိုးမင်း ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာများနှင့် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့ပါဝင်သောအဖွဲ့ ဩဂုတ် ၁၄ ရက်က ပူးပေါင်းကွင်းဆင်း စစ်ဆေးစဉ်။ သန့်ဇော်(ပြန်/ဆက်)

## ပခုက္ကူမြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ပခုက္ကူ ဩဂုတ် ၁၄**

ပခုက္ကူမြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၁)ရပ်ကွက် ကျောက်စေတီဘုရားဝင်း ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း၌ ကျင်းပရာ ခရိုင်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ် (၁၀) ရပ်ကွက်တို့ရှိ ရေဘေးသင့် အိမ်ထောင်စု ၁၆၀၊ လူဦးရေ



၆၄၄ ဦးတို့အား အိမ်ထောင်စု တစ်စုလျှင် ဆန်လေးပြည်၊ ဆီ ၂၅ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက် ငါးထုပ်နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

ပခုက္ကူမြို့နယ်၌ ရေဘေးရှောင်ကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့် အိမ်ထောင်စု ၄၉၃ စု၊ လူဦးရေ ၂၀၄၉ ဦးတို့အား ကူညီပြောင်းရွှေ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ အရေးပေါ်သုံး ထောက်ပံ့ပစ္စည်းများ၊ ဆန်ရိက္ခာဖိုးနှင့် အခြေခံစားသောက်ဖွယ်ရာများ ပေးအပ်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**





## ငုံးမွေးမြူနည်းလက်စွဲစာအုပ် ဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၁၄**

ဒေါက်တာအောင်မြင့် စုစည်းရေးသားထားသည့် ငုံးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို လေ့လာလိုသူများ ဆောင်ထားသင့်သည့် ငုံးမွေးမြူနည်း လက်စွဲစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းစာအုပ်တွင် ငုံးနှင့်ကြက်၏ ခြားနားချက်၊ ငုံးဖောက်ခြင်း၊ ဂျပန်ငုံးမျိုး၏လက္ခဏာ၊ ငုံးအတွက် အာဟာရဓာတ် လိုအပ်ချက်၊ ငုံးစာအမည်များ၏အာဟာရတန်ဖိုး၊ ငုံးမွေးမြူနည်းစနစ်ကျမှုနှင့် ငုံးရောဂါပြဿနာ၊ ရောဂါရှာဖွေရန်အတွက် ခွဲစိတ်စစ်ဆေးနည်း၊ ဗိုင်းရပ်စ်ရောဂါများ၊ ပရိုတိုဇွမျိုးကြောင့် ဖြစ်သည့်ရောဂါများ၊ ပြင်ပကပ်ပါးပိုးများ၊ အာဟာရဓာတ်ချို့တဲ့ခြင်း ရောဂါများ၊ မျိုးပွားအင်္ဂါဆိုင်ရာ ချို့ယွင်းမှုများ စသည့်အကြောင်းအရာများကို ငုံးနှင့် ငုံးမွေးမြူရေး၊ ငုံးနှင့်ကျန်းမာရေး၊ ငုံးရောဂါများဟူ၍ အခန်း သုံးခန်းခွဲ၍ စုစည်းဖော်ပြထားရာ ငုံးမွေးမြူသူများနှင့် လေ့လာလိုသူများအတွက် သိသင့်သိထိုက်သည့် အကြောင်းအရာများစုံလင်စွာ ပါရှိပါသည်။




အဆိုပါစာအုပ်ကို ကိုလတ်စာပေ အမှတ် ၂၀၀ ၃၁ လမ်း (အပေါ်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈ တို့တွင် တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

**မြန်မာ့အလင်း**

## မြောင်းမြမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် ကျင်းပ

**မြောင်းမြ ဩဂုတ် ၁၄**

မြောင်းမြမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ် ဖွင့်ပွဲကို ယမန်နေ့ နံနက်က မြောင်းမြပြည်သူ့ဆေးရုံတွင် ကျင်းပရာ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကလျာတို့က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများအား ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်အကြောင်း၊ ငါးနှစ်အောက် ကလေးအာဟာရအကြောင်း၊ သန့်ငါးသန့်အကြောင်း၊ အာဟာရအုပ်စု ငါးအုပ်စုအကြောင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၏ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုလုပ်ငန်းစဉ်များ စသည့် အကြောင်းအရာများအား သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက အသိပညာပေး ဟောပြောခဲ့ကြသည်။



ထို့နောက် စံပြမိခင် ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက် ကလေးငယ်များအား တာဝန်ရှိသူများက အာဟာရရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မို့မို့(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းတူးဖော်

**ဓနုဖြူ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဓနုဖြူမြို့နယ် ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဝင်းထွဋ်လွင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက စကြော့-ဓနုဖြူ ကားလမ်းမကြီးဘေး အမှတ်(၁၇) ရပ်ကွက် ၅ လမ်းထိပ်ရှိ ရေနုတ်မြောင်းအား လူအင်အား၊ စက်ယန္တရားအင်အားဖြင့် တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။



၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အဓိက ပင်မမြောင်း ခြောက်မြောင်း၊ မြို့တွင်းရေမြောင်း ၁၂ မြောင်း၊ စုစုပေါင်း ပေ ၂၀၇၀၀၊ မြို့တွင်း Box culvert ၄၆ ခုတို့ကို တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ ကွန်ပေါင်းဓာတ်မြေဩဇာများ ပေးအပ်

**ကျောက်တံခါး ဩဂုတ် ၁၄**

ကျောက်တံခါးမြို့နယ်၌ မြို့နယ်အတွင်းရှိ တောင်သူများအား ကွန်ပေါင်း ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပွဲကို ယမန်နေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တောင်သူများအား ကွန်ပေါင်း ဓာတ်မြေဩဇာများ ပေးအပ်ရခြင်း




နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၉ အုပ်စုမှ တောင်သူ ၃၂၇ ဦး၏ မိုးစပါး စိုက်ဧက ၂၃၃၀ အတွက် ကွန်ပေါင်း ဓာတ်မြေဩဇာ အိတ် ၅၅၀ အား တောင်သူများထံ ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ စုပေါင်းလယ်ယာ ဆောင်ရွက်သောတောင်သူများအား ပံ့ပိုးငွေပေးအပ်

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ သမဝါယမစနစ်ကို အခြေခံပြီး စုပေါင်းဆောင်ရွက်သည့် စနစ်တကျစိုက်ပျိုးရေးကို



အကောင်အထည်ဖော် ဆောင်ရွက်မည့် ဒေသခံတောင်သူများသို့ မျိုးစေ့နှင့် သွင်းအားစုပံ့ပိုးငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက်က မရဲ့အုန်းပင်စုကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူအောင်က စုပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးစရိတ်သက်သာခြင်း၊ ဈေးကွက်တွင်သင့်တော်သည့် ဈေးနှုန်းဖြင့် ရောင်းချနိုင်ခြင်းကြောင့် တောင်သူတစ်ဦးချင်းဝင်ငွေ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စုပေါင်းလယ်ယာဆောင်ရွက်သည့် တောင်သူများအား ပံ့ပိုးငွေစုစုပေါင်းကျပ် ၂၅၀ ဒသမ ၂၁၅ သန်း ပေးအပ်ခဲ့သည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မိုးရာသီအတွင်း ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အမှတ်(၈)ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမြတ်သူ ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များ၊ အစားအသောက်ဆိုင်များအား သန့်ရှင်းစွာရောင်းချမှုရှိ၊ မရှိ၊ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ယင်မှတစ်ဆင့် ကူးစက်တတ်၍ ယင်မနားအောင် စနစ်တကျဖုံးအုပ်ထားနိုင်ရေး စသည့်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟန်နီ(ပြန်/ဆက်)**



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

## အမည်မှန်နှင့် ဖခင်အမည်မှန်

(ဘ)ဦးဖိုးကောင်း၏ သမီးများဖြစ်ကြသော သရက်မြို့ အ-ထ-က(၂) Grade(7)မှ မစုလေးနွယ်နှင့် မစုလေးသွယ်တို့၏ အမည်မှန်မှာ မသော်တာအောင်နှင့် မသော်တာအေး တို့ ဖြစ်ပါကြောင်းနှင့် ၎င်းတို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးကောင်း (၈/သရန(နိုင်)၀၆၃၃၉၅ ) ဖြစ်ပါကြောင်း။

**ဦးဖိုးကောင်း ၈/သရန(နိုင်)၀၆၃၃၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မှော်စက်၊ မြေကွက်အမှတ် ၆၅၊ ဧရိယာ( ၂၄၀၀ စ/ပေ)၊ မြေကွက်တည်နေရာအမှတ် (၆၅)၊ မဟာဗန္ဓုလလမ်း၊ မှော်စက်ရပ်ကွက်၊ ဒလမြို့နယ်၊ ဒေါ်တင်ကြည် ၁၂/ဒလန(နိုင်)၀၂၄၁၈၅ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်ကြည်(မိခင်)နှင့် ဦးချမ်းဟုတ်(ဖခင်)တို့ ကွယ်လွန်သဖြင့် အမွေဆက်ခံခွင့်ရှိသော တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ဦးလေးနိုင် (၁၂/ဒလန(နိုင်)၀၀၂၄၇၃)မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်းအကွက်အမှတ်နှင့်အမည်-(၂/ပဒေသာ)၊ ဦးပိုင်အမှတ်( ၁၅၃-ဈ )၊မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိမြေကွက်အား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဒေါ်သန်းသန်းဦး ၉/တတဥ(နိုင်) ၀၀၅၈၈၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်နှင့်အမည်-(၇/ပဒေသာ) ဦးပိုင်အမှတ် (၃၇၄)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ကေရှိမြေကွက်အား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဦးတင်မြင့် ၁၂/စခန(နိုင်)၀၄၀၇၁၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်-(၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ်-(၁၁၄-ဃ)၊မြေဧရိယာ (၀ဒသမ၀၆၁)ကေရှိ မြေကွက်အား မြေငှားဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေး ဒေါ်မမလေး ၉/မမန(နိုင်)၀၃၄၀၅၆ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ သကြောကျေးရွာနေ ဒေါ်နွယ်နီလှိုင် (၁၂/ရကန(နိုင်)၀၃၈၇၅၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေမှ ညွှန်ကြားသည်မှာ ဒေါ်နွယ်နီလှိုင်နှင့် ဦးထွန်းထွန်းလှိုင်၊ ဒေါ်တင်တင်လှိုင်(ခ)ဒေါ်တင်နှင်းလှိုင်၊ ဦးညီညီလှိုင်(ခ)ဦးဉာဏ်ဝင်းလှိုင်သည်ဦးစန်းမောင်၊ ဒေါ်မြမြသိန်းတို့က မွေးဖွားခဲ့သော မောင်နှမအရင်းများဖြစ်ကြပါသည်။ ၎င်းတို့မောင်နှမ (၄)ဦးအား မိခင် ဒေါ်မြမြသိန်း၏မိဘများဖြစ်ကြသော ဦးစိန်လှိုင်၊ ဒေါ်မြိုင်မြိုင်တို့က ရန်ကုန်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံးတွင် ကိတ္တိမသားသမီး မွေးစားခြင်း စာချုပ်ဖြင့် ၁၉၇၁ ခုနှစ်ကတည်းက ကိတ္တိမသားသမီးများအဖြစ် မွေးစားခဲ့ခြင်းဖြစ်ပါသည်။

ကိတ္တိမမွေးစားမိဘများဖြစ်သော ဦးစိန်လှိုင်၊ ဒေါ်မြိုင်မြိုင်တို့ ကွယ်လွန်သွားသောအခါတွင် ၎င်းတို့ကျန်ရစ်သည့် လှိုင်မြို့နယ်ရှိနေအိမ်အား ရောင်းချ၍ ဒေါ်မြမြသိန်းအပါဝင် ကိတ္တိမမွေးစားသားသမီး (၄)ဦးတို့သည် (၂၀၁၁)ခုနှစ်တွင် မွေးစား မိဘ၏အမွေကို အညီအမျှခွဲဝေရယူခဲ့ကြပြီးဖြစ်ပါသည်။ ထို့နောက်ပိုင်းတွင် အမွေဆိုင်ပစ္စည်းအဖြစ်မည်သည့်ပစ္စည်းမျှ ကျန်ရစ်ခြင်း မရှိတော့ပါ။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၈)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ် (၅၆၃)ဟုခေါ်တွင်သော မြေ/အိမ်သည် ဒေါ်နွယ်နီလှိုင်၏ အစ်မဖြစ်သူ ဒေါ်တင်တင်လှိုင် (ခ) ဒေါ်တင်နှင်းလှိုင်က သီးခြားပိုင်ဆိုင်သော ၎င်း၏ ကိုယ်ပိုင်ပစ္စည်းဖြစ်ပြီး ယင်းပစ္စည်းအား ဒေါ်တင်တင်လှိုင် (ခ) ဒေါ်တင်နှင်းလှိုင်က ဒေါ်နွယ်နီလှိုင်အား ၎င်း၏ ကိုယ်စားလှယ်စာဖြင့် လွှဲပြောင်းရောင်းချစေခဲ့ခြင်းအပေါ် ဦးထွန်းထွန်းလှိုင်က ရွှေပြည်သာမြို့နယ် တရားရုံး၌ ရာဇဝတ်မှုခင်း (၂)ရပ် စွဲဆိုခဲ့ပါသည်။

ဦးထွန်းထွန်းလှိုင်၏ အဆိုပါပြုမူဆောင်ရွက်ချက်များသည် မောင်နှမအရင်းအခြာများ အကြား မလိုလားအပ်သော၊ မလုပ်သင့် မလုပ်ထိုက်သည့် ဆောင်ရွက်ချက်များဖြစ်ရာ ဒေါ်တင်တင်လှိုင် (ခ) ဒေါ်တင်နှင်းလှိုင်၊ ဒေါ်နွယ်နီလှိုင်အပေါ် အမည်၊ ဂုဏ်သိက္ခာထိခိုက်စေပြီး ကိုယ်စိတ်နှလုံး မချမ်းမြေ့မှုဖြစ်ရပါသည်။

ထို့ကြောင့် ဦးထွန်းထွန်းလှိုင်သည် အစ်ကိုအရင်းတော်စပ်သော်လည်း ယခုအခါတွင် မိမိတို့နှင့် မည်သို့မျှသက် ဆိုင်ခြင်းမရှိကြောင်းကို လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နီလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲကျော် (LL.B, HGP)**
**တရားလွှတ်တော်ရှေ့နေ**
**စဥ်-၅၉၂၉ (၁၇-၆-၁၉၉၂)**
**တိုက်အမှတ်(G)၊ အခန်းအမှတ်(၃၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၉၇၀၅၈၁၉၆၀၊ ၀၉-၉၄၂၉၂၆၆၄၅**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ ဘောလုံးကွင်းလမ်းနေ (ဘ) ဦးချစ်မောင်၏သား စောပလယ်ထူးနှင့် ဦးဖိုးပလယ် ၁၄/ကကထ(နိုင်)၁၂၅၃၅၆ သည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**စောပလယ်ထူး (ခ) ဦးဖိုးပလယ်**
**၁၄/ကကထ(နိုင်)၁၂၅၃၅၆**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လေးတိုင်စင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (Grade-12) တွင် ပညာသင်ကြားနေသော မဌေးခိုင်၏ ဖခင်အမည်မှန်မှာ ဦးယဉ်မင်းနိုင် ၈/မသန(နိုင်) ၀၉၈၁၂၄ ဖြစ်ပါကြောင်း။

**ဦးယဉ်မင်းနိုင်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5720 ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်(ယခင်တောင်ပိုင်းခရိုင်)၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၂၁/ ခရုချောင်း အနောက်ကွင်း၊ ဦးပိုင်အမှတ် ၇/၂၅၀/၃၊ ဧရိယာ အကျယ်အဝန်း (၀.၁၃)ဧက၊ ဥယျာဉ်မြေ အမျိုးအစားမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုချက် အမည်ပေါက် ပိုင်ဆိုင်သူ ဦးသက်အောင်ထူး (၁၄/ဒဒရ(နိုင်)၀၈၄၆၆၀) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာလင်း (၁၂/တမန(နိုင်)၀၈၀၆၉၀)မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ လယ်ယာမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ( ၁၄ )ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ် အားစင်နူး ( LL.B, D.B.L, D.I.P.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၆၆၈)**
**အမှတ်(၁၁၉)၊လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ -၄၅၅၂၀၁၅၂၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်-၆၆၅ဟုခေါ်တွင်သော ဒေါ်သန်းအေး (ခ)ဒေါ်တင်ရွှေ (LPA-၀၉၁၇၉၄) အမည်ဖြင့်မှတ်သားတည်ရှိသည့် ပါမစ်မြေ အမျိုးအစား (အလျား ပေ၄၀xအနံ ပေ၆၀)အနက်မှ (အလျား-၁၃ပေxအနံ ပေ၆၀) အကျယ်အဝန်းရှိ(ခြေရင်းဘက်အစွန်ဆုံးထောင့်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်နေအိမ်(၁)လုံးကို ရောင်းချသူ ဒေါ်ရီလေးဝင်း(၁၂/ဥကမ(နိုင်) ၀၁၈၁၄၇)က တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်း၊ တခြားသူတစ်ပါးထံတွင် လွှဲပြောင်းရောင်းချထားခြင်းမရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက အဆိုပါမြေကွက်နှင့် နေအိမ်ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းရွှေ (၁၂/ဥကမ(နိုင်)၀၀၈၆၆၇)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြသီတာ (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၀၉၁)**
**အမှတ်(၇၂၇)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ -၄၂၁၁၅၂၄၃၂**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲ၊ ဒေးဒလူးအုပ်စု၊ ဝါးချောင်းကျေးရွာနေ အောင်ဝေယံဖြိုး (၁၄/ဖပန(နိုင်) ၂၂၆၈၁၂)နှင့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ ရွှေသူဌေးကုန်းရပ်ကွက်၊ နယ်မြေ(၈)၊ အောင်စကြာလမ်း၊ အမှတ်(ရ/၆၇၈) နေ မမေသဇင်ဝင်း (၁၃/တကန(နိုင်)၃၄၇၄၈၈) တို့သည် (၁၁-၁၀-၂၀၂၄)ရက်တွင် အကြင်လင်မယားအဖြစ် တရားဝင်လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ၎င်းတို့နှစ်ဦးသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိသဖြင့် ဆွေမျိုးမိဘများနှင့်ရပ်မိရပ်ဖများရှေ့မှောက်တွင်နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ အဝေးရောက်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မောင်ဝေယံဖြိုးနှင့် မမေသဇင်ဝင်းတို့သည် (၁၁-၈-၂၀၂၆) ရက်၌ တရားဝင်ကွာရှင်းပြတ်စဲ ပြီးသည့်အချိန်မှစ၍ စီးပွားရေး၊ လူမှုရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စအဝဝကို တစ်ဦးနှင့်တစ်ဦး ပတ်သက်စပ်ဆိုင်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်း "လုံး၀" "လုံး၀" မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ဝေယံဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသန္တာ (LL.B., LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၇၂၀၄/၂၀၂၀)**
**အမှတ်(၅)၊ ဘုရင့်နောင်လမ်း၊ ရပ်ကွက်(၄)၊ ဟဲဟိုးမြို့၊ ဖုန်း(၀၉-၄၁၀၀၉၃၄၂)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ငွေပြည်သာလမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၅၁၄၊ အကျယ်အဝန်း ( ပေ ၄၀ x ပေ ၆၀ ) ရှိ ဦးချန်ထွန်း (CK - ၀၂၆၆၀၀) အမည်ပေါက် ပါမစ်မြေကွက်ကြီး၏ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အား မျက်နှာမူလျှင်(ဘယ်ဘက်ခြမ်း) ၊ အကျယ်အဝန်း ( ပေ ၂၀ x ပေ ၆၀ ) ရှိမြေကွက်နှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော RC (၁)ထပ်ခွဲတိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းလင်း(၁၂/တမန(နိုင်)၁၁၁၃၅၉) နှင့် ဒေါ်မြတ်ဖူးငုံ (၉/အမရ(နိုင်) ၁၄၀၂၀၀) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ယု၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ငြိမ်းဆွေ (LL.B)** | **ဒေါ်မေဝင်းမော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်-၁၁၄၄၅/၂၀၁၆)** | **(စဥ်-၁၃၇၂၈/၂၀၁၇)** |

**အမှတ် (၄၀၅)၊ ၆-လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၄၄၈၀၂၀၀၄၃**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁) မေတ္တာလမ်း၊ (၁) မြေကွက်အမှတ် (၅-က)၊ (၂) မြေကွက်အမှတ် (၅-ခ) ၊ အကျယ်အဝန်း (၂၀'x၆၀') ၊ (၁၂၀၀)စတုရန်းပေစီရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်ပေါ်တွင် တည်ဆောက်ထားသည့် RC (၂½) ထပ် အဆောက်အအုံ၊ ရေမီးစုံအပါအဝင် ယင်းတို့နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေ စာရင်းတွင် ဦးဇော်နိုင် (၁၁/စတန(နိုင်)၀၂၉၇၄၉)အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမှအဆိုပါမြေကွက် (၂)ကွက်နှင့်တကွ ယင်းမြေကွက် (၂)ကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် ယင်းတို့နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းတို့နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်(၂)ကွက်နှင့်အဆောက်အအုံအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမှာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဥ်-၃၅၇၇၆)** |

**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - (၁၄၇)၊ မြေကွက်အမှတ် (၁၇၆) ဟုခေါ်တွင်သော အလျား x အနံ ပေ(၄၀ x ၆၀)အကျယ်ရှိ ဦးငြိမ်းထွန်း အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမင်းသူအောင် (၁၂/ဒဂတ(နိုင်)၀၅၁၄၅၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နှင်းထွေး (၃/ဘအန(နိုင်)၁၃၆၃၇၅) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့သက်ဆိုင်ရာ စာရွက် စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL. B, DBL, DIPL, DIL) (စဥ်-၁၄၆၆၈)** | **(LL. B, DIPL) (စဥ်-၁၈၇၂၆)** | **(LL. B, DBL) (စဥ်-၂၀၀၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ (၁၆)အောက်လမ်း၊ မြေကွက်အမှတ်(၁၃၀)၊ မြေအလျားxအနံ(၂၅x၅၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း [မြေကွက် အမှတ်(၁၂၉)နှင့် ကပ်လျက်အခြမ်း] (၁၂½ x၅၀)ပေရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် မိခင် ဒေါ်အုန်းကြည် (၁၂/ဒပန(နိုင်)၀၁၉၆၃၀) ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်နွဲ့နွဲ့မူ (၁၂/ဒပန(နိုင်)၀၁၉၄၆၀)က တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးမီထွန်း(၇/ဖမန(နိုင်)၂၃၄၈၅၀)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ(စဥ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဥ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉ -၇၇၂၇၇၇၇၁၂၊ ၀၉ -၄၅၆၉၉၆၇၇၆၊ ၀၉- ၉၇၃၀၀၂၁၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/88202, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွေး ၂/လကန(နိုင်)၀၄၈၆၁၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 69W/89309,Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွေသန္တာဝင်း ၂/ဖဆန(နိုင်) ၀၀၇၄၄၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/31255, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးထွန်း ၈/ရစက(နိုင်) ၁၅၂၃၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(ဟော်လေးလုံးကွက်သစ်)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀.၂၂၂)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၆၃၆-၅/၁၉၉၈-၁၉၉၉(အေ)ဖြင့် ဒေါ်မြင့်မြင့်သန်း ၁၃/လရန(နိုင်)၀၂၉၀၂၉ အမည်ပေါက်မြေငှားဂရန်မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုနိုင်ပါရန် ဒေါ်မြင့်မြင့်သန်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်အေး ၁၃/လရန(နိုင်)၀၁၇၄၂၈မှ လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက မိတ္တူမှန်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁-၈-၂၀၂၆ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၀)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်အေးချမ်းမွန်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်းတွင် အထူးကိုယ်စားလှယ်လွှဲစာ အမှတ်အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(စက်မှုလယ်ယာအရှေ့)၊ဦးပိုင်အမှတ်(၇၁၈)၊ ဧရိယာ(၀.၀၈၂)ကေရှိ မြေငှားဂရန်အမှုတွဲအမှတ် ၄၄၀-၅/၂၀၂၂-၂၀၂၃(အေ)၊ ဒေါ်ကေသွယ်ဝင်း ၁၃/နမတ(နိုင်)၀၄၇၃၀၂ အမည် ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဒေါ်ကေသွယ်ဝင်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်လေးစိန် ၁၃/လရန(နိုင်)၀၃၆၅၈၄မှ စာချုပ် အမှတ်(၁၉၉၊/၂၀၂၆)ဖြင့် ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဒေါ်ခင်စိန်လေး ၁၃/ လရန(နိုင်)၀၀၂၆၇၉ အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာရာကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့် ရက်မှ(၂၁)ရက်အတွင်းအထောက်အထားခိုင်လုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါကဒေါ်ခင်စိန်လေးအမည်ဖြင့်မြေငှားဂရန် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/7376 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)
## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ပထမနှစ်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည် -

(က) တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်၊

(ခ) သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့်ကိုက်ညီသော ကိုယ်အင်္ဂါကျန်းမာသန်စွမ်းသူဖြစ်ရမည်၊

(ဂ) အနုပညာဝါသနာပါသူဖြစ်ရမည်၊

(ဃ) လူတွေ့စစ်ဆေးခြင်းခံယူရမည်၊

(င) အမျိုးသား၊ အမျိုးသမီးဦးရေ(ရာခိုင်နှုန်း)မခွဲခြားပါ၊

(စ) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)/ (ပြု)/(ဧည့်)ကိုင်ဆောင်ထားသူဖြစ်ရမည်။ (မိတ္တူကိုတစ်ပါတည်း ပူးတွဲလျှောက်ထားရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် သင်ကြားမည့်အထူးပြု ဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည် -

| အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|
| (က) ဂီတပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) |
| (ခ) သဘင်ပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) |
| (ဂ) ပန်းချီပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) |
| (ဃ) ပန်းပုပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) |
| (င) ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်) |

၃။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ လျှောက်ထားတက်ရောက်ကြရမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံ ဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌ ဝယ်ယူ၍လျှောက်ထား နိုင်ပါသည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ် စာရင်းမူရင်း၊ ပတ်စပို့အရွယ် ဓာတ်ပုံ (၇) ပုံတို့နှင့်အတူ ပူးတွဲလျက် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှစ၍ လျှောက်လွှာများကို စတင်လျှောက်ထားနိုင်ပြီး ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)သို့ ရုံးချိန်အတွင်း လျှောက်လွှာများကို တိုက်ရိုက်ပေးပို့နိုင်ပါသည်။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့၊ နံနက် ၀၉:၀၀ နာရီတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါ၍ ဝင်ခွင့်ရစာရင်းကို အောက်တိုဘာလ ၁၆ ရက်နေ့တွင် သင်တန်းရေးရာဌာန ကြော်ငြာသင်ပုန်းတွင်ကြေညာ၍ ကျောင်းအပ်လက်ခံသွားမည် ဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလပထမပတ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ဌာနမှူး(သင်တန်းရေးရာ)၊ ၀၉-၂၅၆၃၈၀၅၃၃ နှင့် မော်ကွန်းထိန်း၊ ၀၉ - ၄၀၂၆၇၅၂၉၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ငြိမ်းချမ်းစိုး)**
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ် အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ
## လူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁၁(က)အရ
## TUN TAUK COMPANY LIMITED
## (ကုမ္ပဏီတွင်ပါဝင်သူများ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

"TUN TAUK COMPANY LIMITED" (ဖျက်သိမ်းဆဲ)၏စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာစာရင်းတင်ပြရန် နှင့်ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင်ပါဝင်သူများအားလုံးတက်ရောက် ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် - ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက် နံနက် (၁၀)နာရီ

ကျင်းပမည့်ပုံစံ - Online Meeting

**ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)**
**(လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-၁၀၁၄၆၀)**
**YENOOS & ASSOCIATES CONSULTING LTD**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**TUN TAUK COMPANY LIMITED**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လေးတိုင်စင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (Grade-6) တွင် ပညာသင်ကြားနေသော မောင်အောင်မြို့ကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်တင်အေး ၈/မသန(နိုင်)၀၉၈၀၆၉ ဖြစ်ပါကြောင်း။ **ဦးမောင်တင်အေး**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစောရွှေဝင်း၏သား ဖြစ်သူ မောင်ဇော်ဇော်သိန်း ၁၂/ဒဂရ(နိုင်)၀၀၁၅၁၀ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၄၈၇၀၆၆၃**

## မိဘအမည်မှန်

ကျောက်ပန်းတောင်း မြို့နယ်၊ ခပေါင်းကုန်းကျေးရွာ အ.ထ.က(ခွဲ) (ခပေါင်းကုန်း) Grade -6 မှ မချို သံစဉ်ကျော်၏ မိဘအမည်မှန်မှာ ဦးထင်အောင်ကျော် ၉/ကပတ(နိုင်) ၂၇၂၅၅၅ နှင့် ဒေါ်ဝင်းရတနာဦး ၉/ကပတ(နိုင်)၂၃၇၆၄၇ ဖြစ်ပါကြောင်း။ **ဦးထင်အောင်ကျော်နှင့် ဒေါ်ဝင်းရတနာဦး**

## ငွေသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ မြတ်မဟော်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော (ဘ) ဦးမိုးဝင်း ၉/မခန(နိုင်)၁၅၅၆၄၆ ၏သား မောင်ဆက်ဝေယံထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၄-၂၀၁၁ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၉

ဦးအောင်သူမင်း နှင့် ဒေါ်နုရီ
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ်-(၉၈၅) နေ ဒေါ်နုရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြတ်မဟော် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-4 တွင် ပညာသင်ကြားနေသော မောင်လင်းသူရိန်ထက်၏ ဖခင်အမည်မှန်မှာ ဦးဘိုသူရိန် ၉/မခန(နိုင်)၂၄၈၇၁၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်- (၁၄-က/ထုံးဘိုရပ်) ဦးပိုင်အမှတ် ( ၃၀-က )၊မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိမြေကွက်အား မြေငှားဂရန် ကျန်အပိုင်း၊ အမည်ပြောင်း၊သက်တမ်းတိုး လျှောက်ထားနိုင်ရေး (၁)ဒေါ်စန်းစန်းအေး ၉/မမန(နိုင်)၀၃၇၀၃၉ (၂)ဦးခင်ဇော် ၉/မမန(နိုင်)၀၃၈၆၁၂ (၃)ဒေါ်စိုးစိုးညွန့် ၉/ပဥလ(နိုင်)၀၁၀၃၀၉ (၄)ဦးညီမင်းသူ ၉/မမန(နိုင်)၀၈၃၉၂၄ (၅)ဒေါ်ငြိမ်းအေးသူ ၉/ပဥလ(နိုင်)၀၁၄၇၉၉တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် အ.ထ.က(ဖိုးစံပါယ်) ကျောင်း Grade-12မှ မခရေဖူး၏ ဖခင်အမည်မှန်မှာ ဦးတင်လင်းထိုက် ၇/ဝမန(နိုင်)၁၀၃၃၆၉ ဖြစ်ပါကြောင်း။

**ဦးတင်လင်းထိုက်**

## အမည်မှန်၊ မွေးသက္ကရာဇ်မှန်၊ ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ GCEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မရော်စီဒေါ်စင်တလွဲ၏ အမည်မှန်မှာ မရိုစီဒွေါ်စင်တလွဲဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၁-၂-၂၀၀၈ ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးနိုးသင့်ထွန် ၄/ဖလန(နိုင်)၀၃၄၄၆၇ ဖြစ်ပါကြောင်း။ **မရိုစီဒွေါ်စင်တလွဲ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည်-( R-VI ကွက်ပြင်-၆)၊ ဦးပိုင်အမှတ်-(၁၄-ခ)၊မြေဧရိယာ(၀ ဒသမ ၁၅) ဧကရှိမြေကွက်အား မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်နန်းခင်နှင်းဆီ ၁၃/ကမန(နိုင်)၀၂၄၀၁၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## အမည်ပြောင်း

(ဘ)ဦးဆိုင်းလီ၏သား တာချီလိတ်မြို့၊ မကာဟိုခမ်း (အထက)ကျောင်း၊ Grade-4(D) မှ မောင်ဥချိုင်အား မောင်အင်ချိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်အင်ချိုင်**

## အမည်ပြောင်း

(ဘ)ဦးဆိုင်းလီ ၏သား တာချီလိတ်မြို့၊ မကာဟိုခမ်း (အထက)ကျောင်း၊Grade-2(B) မှ မောင်ကျုံးဝါးအား မောင်အင်ဇောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်အင်ဇောင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၄(က)/ ကွေ့ကြီးအရှေ့မြောက်)၊ ဦးပိုင်အမှတ် (၈ လမ်း ၈၀(က)၊ ဧရိယာ(၀.၀၇၃) ဧကရှိမြေအား ဦးဇော်ထူးမော် အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၃၁-၇-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှား စာချုပ် (အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၀/ အိုးဘိုတောင်အရှေ့)၊ ဦးပိုင်အမှတ် (၅ လမ်း၊ ၁၁၅-က)၊ ဧရိယာ(၀.၀၆၄)ဧကရှိ မြေအား ဦးအောင်ငွေစိုး အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကန့်ကွက်လွှာကြော်ငြာသည့် (၃၁-၇-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်မှန်၊ ဖခင်အမည်မှန်၊ မွေးသက္ကရာဇ်မှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့၊စွမ်းထက်သာ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် (Grade-11) တက်ရောက် နေသော မခင်ဘုန်းမြတ်လွင်၏ အမည်မှန်မှာ မခင်ဖုန်းမြတ်လွင် ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးမင်းထက်လူနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၁၂-၂၀၀၉)ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်ရှိ မြေကွက်အမှတ် ( ပ-၂၁၁၈၅)ကို အမည်ပေါက် ဦးခင်မောင်ကြီး (ဘ)ဦးတင်ဖေ ၁၂/ဗတထ(နိုင်)၀၁၆၄၀၅(ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်မေကြူယဉ်(ဘ)ဦးခင်မြင့် ၁၂/ဗတထ(နိုင်)၀၁၅၇၇၂ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်(မိတ္တူ)၊ အမွေခံဇနီး မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်(မိတ္တူ)၊ မြေကွက်နေရာချထားစာရင်း(မိတ္တူ)တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စိုက်မွေး ၁/၁)၊ ဆင်ဖြူရှင်လမ်း၊ ခြံအမှတ် (၁/၆/၉)၊ မြေကွက်အမှတ် (၄၃)၊ အကျယ်အဝန်း (၈၀ပေ × ၁၂၀ပေ)ရှိ ဦးမင်းနောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နော်သန်းခင် (၁၄/ဟသတ (နိုင်) ၀၀၇၅၇၆)ထံမှ ကျွန်မ ဒေါ်ဆင့်ဆင့်အောင် (၁/မကန (နိုင်) ၀၀၂၁၅၂)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆင့်ဆင့်အောင် (၁/မကန (နိုင်) ၀၀၂၁၅၂)
၀၉- ၂၀၁၀ ၅၃၀

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)မြေကွက်အမှတ်(၈၇/ခ)၊ အကျယ်အဝန်း (ပေ၂၀xပေ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်(အရပ်အခေါ်) အမှတ်(၈၇/ခ)၊ ရာဇသင်္ကြန်(၂)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်အား ဂရန်အမည်ပေါက်ထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဦးလှထွန်းဦး(၁၂/ဒဂန(နိုင်)၀၀၅၂၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူမူခိုင် (၁၁/ပဏတ(နိုင်)၀၄၇၀၀၅)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄။**

## အမွေစားအမွေခံသမီးအဖြစ် ပြန်လည်သတ်မှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ နယ်မြေ(၁) မင်းလမ်းရပ်ကွက်၊ အမှတ်(၇)၊ ပန်းဝါထမင်းဆိုင် (ဦးကိုကိုကြီး)- ဒေါ်ချစ်မိ ၅/စကန(နိုင်)၀၀၇၇၆၁ တို့၏ သမီးဖြစ်သူ ဒေါ်ဥမ္မာကို ၅/စကန(နိုင်)၁၇၉၀၄၉ အား (၆-၁-၂၀၁၉)ရက်က မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၅)တွင် သွာနုတ္တသမီးအဖြစ် သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့သည့်အပေါ် ယခုအခါ သမီးဖြစ်သူ ဒေါ်ဥမ္မာကိုမှာ သားသမီးဝတ္တရားနှင့်အညီ မိဘများအား ပြန်လည်ပြုစု စောင့်ရှောက်ခြင်း၊ မိဘများအား စိတ်ချမ်းသာအောင် ပြုပြင်နေထိုင်ခြင်းများ ပြုလုပ်လာသည့်အတွက် ထိုစဉ်က ကျွန်မအနေဖြင့် စိတ်လိုက်မာန်ပါဆောင်ရွက်ခြင်းတို့ကြောင့် သမီးဖြစ်သူအား သွာနုတ္တသမီးအဖြစ်သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ခြင်းအား ပြန်လည်ရုပ်သိမ်းပြီး အမွေစားအမွေခံသမီးအဖြစ် ပြန်လည်သတ်မှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချစ်မိ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စု(LL.B)တရားလွှတ်တော်ရှေ့နေ စဉ်-၁၁၄၄၆(၁၀-၁၁-၂၀၁၆)**
**အမှတ်(၂၀၃၁)၊ အကွက်(၃၃၈)၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**Ph: 09-799694644**

## ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) စာပေပညာဌာနခွဲ၊ အနုပညာဌာနခွဲ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)၊ ရုပ်ရှင်ထုတ်လုပ်မှုအင်ဂျင်နီယာဌာန၊ စီမံရေးရာဌာနခွဲနှင့် သင်တန်းရေးရာဌာနခွဲတို့တွင် တာဝန်ထမ်းဆောင်ရန် ရာထူးနေရာများခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် တာဝန်ထမ်းဆောင်ရန် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများကို အောက်ဖော်ပြပါ ရာထူးနေရာများ၏ အရေအတွက်များအတိုင်း ရွေးချယ်ခန့်အပ်သွားမည် ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | ရာထူးနေရာ |
|---|---|---|---|
| (က) | နည်းပြ(အင်္ဂလိပ်စာ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (ခ) | နည်းပြ(ဂီတ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၃ နေရာ |
| (ဂ) | နည်းပြ(သဘင်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၃ နေရာ |
| (ဃ) | နည်းပြ(ပန်းချီ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (င) | နည်းပြ(ပန်းပု) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (စ) | နည်းပြ(ရုပ်ရှင်နှင့်ပြဇာတ်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၂ နေရာ |
| (ဆ) | ကျွမ်းကျင်(၂) (ဓာတ်ပုံ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (ဇ) | ဒု-လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃ နေရာ |
| (ဈ) | လုံခြုံရေး(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁ နေရာ |

၂။ နည်းပြ(အင်္ဂလိပ်စာ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်) ရာထူးနေရာများအတွက် လျှောက်ထားသူများသည် သက်ဆိုင်ရာအထူးပြုဘာသာရပ်များအလိုက် မဟာဝိဇ္ဇာဘွဲ့ရရှိပြီးသူ (သို့မဟုတ်) မဟာဝိဇ္ဇာဘွဲ့တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ၃၁-၈-၂၀၂၄ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ ကျွမ်းကျင်(၂)(ဓာတ်ပုံ) ရာထူးနေရာအတွက် လျှောက်ထားသူများသည် ဘွဲ့တစ်ခုခုရရှိပြီး ကင်မရာ၊ ဗွီဒီယိုကျွမ်းကျင်စွာ ရိုက်ကူးတည်းဖြတ်နိုင်သူဖြစ်ရမည်။ ၃၁-၈-၂၀၂၄ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၄။ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။ ၃၁-၈-၂၀၂၄ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၅။ လုံခြုံရေး(၅)ရာထူးနေရာအတွက် လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်း အောင်မြင်သူဖြစ်ရမည်။ ၃၁-၈-၂၀၂၄ ရက်နေ့တွင် အသက် ၃၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်။ လုပ်ငန်းအပေါ်စိတ်ဝင်စားသူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၆။ ရေးဖြေစစ်ဆေးခြင်းကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင်လည်းကောင်း၊ လူတွေ့လက်တွေ့စစ်ဆေးခြင်းကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင်လည်းကောင်း အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၌ စစ်ဆေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ဖုန်းနံပါတ်၊ ၀၉-၂၅၀၇၀၀၅၁၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

## “ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်-၁၁၃တွင်တည်ရှိသော The Gems Garden Condominium, Tower 2 ဟုခေါ်တွင်သည့် အဆောက်အအုံ၏ အခန်းအမှတ်-၀၂၊ ၁၄-လွှာ၊ အကျယ်အဝန်း(၁၅၀၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ စွဲကပ်ပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်လက်ဝယ်ထားရှိပိုင်ဆိုင်ကာ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလောဒီ (၁၃/ကခန(နိုင်)၀၃၂၁၃၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်လှမွန်မွန်မြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၈၆)**

**တိုက်(၉/၁၁)၊အခန်း(၀၀၄)၊မြေညီထပ်၊ ၃၆-လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း -၀၉-၅၀၈၅၂၀၇၊ ၀၉-၉၆၅၀၈၅၂၀၇၊**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၆-၂၀၂၄ ရက်စွဲပါ စာမျက်နှာ (၂၈)၊ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်းမှ 78W/70646 မှ လက်ဝယ်ရှိသူ ဦးစိန်ဖြိုးဝင်း အစား ဦးစန်းဖြိုးဝင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ဦးစန်းဖြိုးဝင်း**

**၉/စကန(နိုင်)၀၆၇၈၂၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/4684 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး**

**( ရန်ကုန်အရှေ့ပိုင်း)**

**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)ရပ်ကွက်၊ ကြေးမုံလမ်း၊ မြေကွက်အမှတ်(၂၉၁)ဟုခေါ်တွင်သောမြေအလျားxအနံ ပေ(၄၀'x၆၀')ထဲမှ တရားဝင်မခွဲစိတ်ရသေးသော [မြေကွက်အမှတ်(၂၉၂)နှင့် ကပ်လျက်အခြမ်း] မြေအလျား x အနံပေ(၂၀'x၆၀') ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နှင်းနှင်း(၁၂/ဥကတ(နိုင်)၁၅၁၈၂၂)ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နွယ်နွယ်လွင် (၁၂/မဂတ(နိုင်)၀၀၈၈၉၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာ(၁၂/အစန(နိုင်)၀၁၂၅၅၀)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)**

**အမှတ်(၈၀၇)၊ပတ္တမြား(၁)လမ်း(၅)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ စီမံကိန်းဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်သွားရန် အိတ်ဖွင့်တင်ဒါများ တင်သွင်းခြင်း လျှောက်လွှာများ ဖိတ်ခေါ်အပ်ပါသည်။

**စီမံကိန်း**

၅ခန်းတွဲ ရေလောင်းအိမ်သာတစ်လုံး တည်ဆောက်ခြင်း လုပ်ငန်း(၂၅'x၅'x၇') (Underground Tank အပါ)

ကချင်ပြည်နယ်ဥပဒေချုပ်ရုံး နှစ်ထပ်ဆောင်ဆေးသုတ်ခြင်းလုပ်ငန်း (၆၈' x ၆၄' x ၂၄') (မှန်ရာဘာဘီတင် အသစ်လဲလှယ်ခြင်း လုပ်ငန်းအပါ)

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် ဗိသုကာပုံစံများကို ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

၃။ အသေးစိတ်သိရှိလိုပါက အတွင်းရေးမှူး(ပြည်နယ်ဥပဒေအရာရှိ) တင်ဒါကော်မတီ၊ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၉- ၂၅၆၁၀၀၂၉၃၊ ၀၉- ၇၉၇၆၁၂၆၂၂ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - | ၂၄- ၈-၂၀၂၆ ရက်၊ (တနင်္လာနေ့) |
| **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** | - | ၃၀-၈-၂၀၂၆ရက်၊ (တနင်္ဂနွေနေ့) (ညနေ ၄ နာရီ) |

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ်(၁၂၀ᵃ)၊ ဧရိယာ (၀.၁၁၇)ဧကရှိ ဒေါ်ခင်အေးမူ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ခင်အေးမူ (ဘ)ဦးမောင်ပု ၇/ရတရ(နိုင်)၀၄၁၁၆၃မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး ဦးမြတ်ဇော်အေး ဒေါ်နီလာသွင် (ဘ) ဦးလှရွှေ ဦးမြဆင့် ၇/ရတရ(နိုင်)၀၀၁၃၁၁၊ ၇/ရတရ(နိုင်)၀၉၆၃၁၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ်(၅၃ᵃ)၊ ဧရိယာ(၀.၀၅၈)ဧကရှိ ဒေါ်သင်းသင်းနု အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်သင်းသင်းနု (ဘ) ဦးကျော်ဟန် ၉/တကန (နိုင်)၀၀၈၇၅၉ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဒေါ်နုနုအေး၊ ဒေါ်နုနုဝင်း (ဘ)ဦးနု ၉/တကန(နိုင်)၀၀၃၈၁၅၊ ၉/တကန(နိုင်)၀၀၃၇၉၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ မင်္ဂလာရွှေဗဟိုရပ်၊ ကွင်းအမှတ် (၇၇)၊ အကွက်အမှတ်နှင့်အမည် (တာယောဘုန်းကြီးကျောင်းရပ်)၊ ဦးပိုင်အမှတ်(၁၀၁-က)၊ မြေကွက်အမှတ်(၁၀၁)၊ မြေဧရိယာ(၀.၉၆၈) ဧကရှိမြေအား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နှစ်(၃၀) မြေငှားဂရန်ထုတ်ပေးထားပြီး မြေငှားဂရန်အမှတ်(၃၃၅/၂၀၂၀)ဖြင့် ကျွန်တော် ဦးမျိုးမင်းဇော်နှင့် ဒေါ်မျိုးမျိုးထက်တို့ နှစ်ဦး၏အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားပြီး မြေငှားဂရန်မူရင်းမှာလည်း ကျွန်တော်တို့၏ လက်ဝယ်တွင်ရှိပါကြောင်းနှင့် အဆိုပါမြေအားခွဲစိတ်၍ မည်သူတစ်ဦး တစ်ယောက်ထံသို့ ရောင်းချထားခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးမင်းဇော် (၁၃/ ညရန(နိုင်)၀၅၇၂၈၉)**

**ဒေါ်မျိုးမျိုးထက်(၁၃/ ညရန(နိုင်)၀၅၇၂၉၂)**

**ရေထွက်ဦးလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (၁၅၄)လမ်း၊ အမှတ်(၁၀)နေ ဦးမင်းသိန်း ၁၄/ဘကလ(နိုင်)၀၃၅၀၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ဖော်ပြပါအတိုင်း ကြေညာအပ်ပါသည်-

ဧရာဝတီတိုင်းဒေသကြီး၊ဘိုကလေးမြို့၊မြို့မ(၅)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း (ကမ်းနားလမ်း)၊ အကွက်အမှတ်(၃/ ဈေးပိုင်း)၊ ဦးပိုင်အမှတ်(၁၇၇)၊ အလျား x အနံ (၄၂ ပေ x ၁၉ ပေ)ရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ ဘိုကလေးမြို့၊ (၅) ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း (ကမ်းနားလမ်း)၊ အမှတ်(၁၄)ဟု ခေါ်တွင်သည့် (၂)ထပ်တိုက်နေအိမ်အဆောက်အအုံအပါအဝင် အဆိုပါမြေကွက်ပေါ်ရှိ သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဝင်းနိုင် ၁၄/ဘကလ(နိုင်)၁၄၄၁၈၀ ၄င်း၏ ဦးလေးတော်စပ်သော ကွယ်လွန်သူ ဦးသောင်းလွင်(လူပျိုကြီး)ထံမှ ၄င်းတို့ညီအစ်ကိုမောင်နှမများက မြန်မာ့ဓလေ့ထုံးတမ်း နှင့်အညီ ဆက်ခံပိုင်ဆိုင်ပါကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းသိန်း ၁၄/ဘကလ(နိုင်)၀၃၅၀၃၆ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ ထားပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်ပြသ၍ ကျွန်ုပ်ထံသို့ အကြောင်းကြား လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဦးမင်းသိန်း၏လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမင်းသိန်း** | **ဦးသူရအောင် (LL.B)** |
| **၁၄/ဘကလ(နိုင်)၀၃၅၀၃၆** | **အထက်တန်းရှေ့နေ (စဉ်-၅၅၆၀၉)** |
| **ဖုန်း- ၀၉-၆၆၅၁၂၆၁၂၀** | **အမှတ်(၁၄၅)၊ ဗိုလ်ဗထူးလမ်း (၁)ရပ်ကွက်၊** |
| | **ဘိုကလေးမြို့၊ ဖုန်း- ၀၉-၆၇၁၅၄၆၇၂၆** |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကစလ(၃)ရှိ ၁/၄၀ စီချည်(ကုံး)အား တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **နိုင်ငံပိုင်ချည်မျှင်စက်ရုံများ** - ၁/၄၀စီချည်(ကုံး) (၉၆၀၀၀၀)ပေါင်၊

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၈-၂၀၂၆ရက်၊(တနင်္လာနေ့)

**တင်ဒါပိတ်ရက်** - ၃၁-၈-၂၀၂၆ရက်၊(တနင်္လာနေ့)

၂။ စုံစမ်းရန် - ရောင်းချဖြန့်ဖြူးရေးဌာန ၊ ကစလ(၃)

၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၁၈၂၀၃၊ ၀၆၇-၄၀၈၃၆၂

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်၊ မြို့မဈေးရှိ ဆိုင်ခန်းအမှတ်(ရ/၂၁၊ ၂၂)(၁၀ ပေ x ၁၀ ပေ) ဆိုင်ခန်း(၂)ခန်းအား တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၇-၈-၂၀၂၆ရက်၊ (တနင်္လာနေ့)

၃။ **တင်ဒါပိတ်ရက်** - ၃၁-၈-၂၀၂၆ ရက်၊ (၁၅:၀၀)နာရီ

၄။ **တင်ဒါပေးသွင်းမည့်နေရာ**- ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်းနံပါတ် (၀၆၇-၃၄၀၈၃၆၉၊ ၀၆၇-၃၄၀၈၂၀၃)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## ကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းသီရိမွန် (အိမ်ရာ-၂) ရှိ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ပိုင်မြေ အကျယ်အဝန်း ၀.၁၇ ဧကရှိ ခြံနှင့်အဆောက်အအုံကို အသင်း၏ စီမံခန့်ခွဲရေးကော်မတီဝင်အစည်းအဝေးအမှတ် စခ- ၆/၂၀၂၆ ဆုံးဖြတ်ချက်အရ ရောင်းချသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ စိတ်ဝင်စားသူ မည်သူမဆို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၂၃၁၄၂၉၆ ၊ ၀၉-၂၅၃၀၅၃၄၂၁

**မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အမှတ်(၁)အခြေခံပညာနှင့်စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း Grade – 7 တွင် ပညာသင်ကြားနေသော မခိုင်ပြည့်စုံ၏ဖခင် ဦးသန်းနိုင်ထွေး(ခ)ဦးသန်းနိုင် ၈/သရန(နိုင်)၀၈၅၀၇၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းနိုင်ထွေး(ခ)ဦးသန်းနိုင်**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အမက(မကျီးကုန်း-လယ်) G-3 မှ မမေမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမင်းသိန်း ၉/မထလ(နိုင်)၂၄၃၀၄၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရွှေတောင်မော်ကျေးရွာ၊ အထကကျောင်း Grade-12(A)မှ မနှင်းရတနာဝင်း၊ Grade-7 (C)မှ မောင်မြင့်မြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းလတ် ၁၄/ခနဖ(နိုင်)၀၉၉၅၂၅ ဖြစ်ပါကြောင်း။

**ဦးမင်းမင်းလတ်**

## ဖခင်အမည်မှန်

မအူပင်မြို့၊ အထက(၃) ကျောင်း Grade-11 E (2) မှ မောင်ကောင်းမြတ်နိုင်ဝင်း၊ Grade-5 A မှ မောင်လင်းထက်နိုင်ဝင်းနှင့် Grade-3A မှ မောင်ဇွဲနိုင်ဝင်းတို့၏ ဖခင်အမည်မှန်မှာ စနိုင်ဝင်း (၁၄/မအပ(နိုင်)၀၀၃၆၃၄) ဖြစ်ပါကြောင်း။ **စနိုင်ဝင်း**

## အထူးကိုယ်စားလှယ်လွှဲစာ အပြီးအပိုင် ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊လှူနေရပ်ကွက်(၅၄)၊ ဇောတိကလမ်း၊မြေကွက်အမှတ်(၁၀၄၃/က)၊ အကျယ်အဝန်း အလျားပေ၂၀xပေ၆၀ရှိ၊ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိသော အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၇-၈-၂၀၁၄)ရက်တွင် လွှဲအပ်သောအထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၂၃၃၆၃)ဖြင့် ဦးလှကြည်(ဘ) ဦးရန်ကနား(၁၂/လမန(နိုင်)၁၂၃၈၇၇)က ဦးအောင်သက်ဆွေ(ဘ)ဦးကျော်လှိုင်(၁၄/ညတန(နိုင်)၀၀၁၇၁၄) ထံသို့ လွှဲအပ်ခဲ့ပါသည်။အထက်ပါ အထူးကိုယ်စားလှယ်လွှဲစာအား ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်သက်ဆွေဘက်မှ လက်မခံတော့သည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်ဖက်သတ်အပြီးအပိုင်ရုပ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအောင်သက်ဆွေ** | **ဦးစိုးမင်းနိုင်(စဉ်-၁၇၀၈၂)** |
| **(၁၄/ညတန(နိုင်)၀၀၁၇၁၄)** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၁၁၈၊ ပန်းဥယျာဉ်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉-၂၅၄၂၅၁၃၇၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/28584, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူဝင်း ၉/ပဘန(နိုင်)၁၁၇၁၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**

**ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/26926, Kenbo 110 ယာဉ်လက်ဝယ်ရှိသူ Immortal Moe Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**

**ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ မြို့မမြောက်ရပ်ရှိ မြေကွက်အမှတ် (ပ-၅၉၄) ကို အမည်ပေါက် ဒေါ်တူးတူး (ဘ) ဦးလှမောင် ၉/ပဗသ(နိုင်)၀၀၁၄၆၈ (ကွယ်လွန်)၏ အမွေခံ သမီးဖြစ်သူ ဒေါ်အေးအေးလင်း (ဘ) ဦးဝဏ္ဏစိုး ၉/ပဗသ(နိုင်)၀၃၉၈၁၄ မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် အမည်ပေါက်၏ သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ မြေပေးမိန့်(မူရင်း) မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းတို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၃၂၄)၊ ဧရိယာ(၀.၀၉၉)ကေရှိ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဦးသောင်းစိန် ၁၂/ဥကတ(နိုင်)၀၄၈၁၃၈ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်အေးအေးမွန်၊ ၁၂/ကမန(နိုင်)၁၃၅၅၆၃ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ ပုဏ္ဏားစု(၃)လမ်း၊ အမှတ်(၁၀၇၀)ဟု ခေါ်တွင်သော ပေ(၂၅ x ၆၀) အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် အဆိုပါခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူအဆိုပြုသူ ဒေါ်လွဲ့လွဲ့နိုင်(ဘ) ဦးစိန်တင်မောင်၊ ၇/ပခန(နိုင်)၂၃၉၆၈၀ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးသန့်ဇင် (ဘ) ဦးကျော်ဆန်းဝင်း ၇/ဝမန(နိုင်)၀၈၉၈၃၂ က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကဤ ကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှမြတ်သူ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)**
**အမှတ် (၄၃၃)၊ မော်ကန် (၁၉) လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။**
**ဖုန်း-၀၉-၄၄၉၀၀၃၅၄၅**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် (၁၇၆/၁၇၇)၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၃ (အီး-၂)၊ မြေကွက်အမှတ် - ဒုတိယတန်းစား မြောက်ဘက်တစ်ဝက် NORTHERN 1/2 of Second Class 16၊ မြေအမျိုးအစား- အစိုးရမြေ၊ ဧရိယာ- (ပေ၅၀ x ပေ ၆၀)၊ (၀.၀၆၉) ဧကရှိ မြေကွက်သည် မူလပိုင်ရှင် ဒေါက်တာအုန်းတင် (ကွယ်လွန်) ပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ တရားဝင်အမွေဆက်ခံခွင့်ရှိသူများမှ ကျွန်တော်၏မိတ်ဆွေ ဦးဇော်ဝင်း ၁၂/ဗဟန(နိုင်)၀၄၅၅၁၈ အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၆၅/၂၀၂၅ အရ ကိုယ်စားလှယ် လွှဲအပ်ခဲ့ပါသည်။

မူလပိုင်ရှင် ဒေါက်တာအုန်းတင် (ကွယ်လွန်)၌ ဖော်ပြပါ အမွေဆက်ခံခွင့်ရှိသူများမှအပ အခြား အမွေစားအမွေခံ တစ်ဦးတစ်ယောက်မျှမရှိပါ။ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျွန်ုပ်၏မိတ်ဆွေတို့မှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်လျှုဒါန်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းတို့ လုံးဝမရှိပါ။ ကျွန်ုပ်မိတ်ဆွေ၏ စာဖြင့် တရားဝင်ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ -

- (က) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊
- (ခ) ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် (သို့မဟုတ်) ပြန်လည်ရရှိခွင့် တောင်းဆိုခြင်း၊
- (ဂ) ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးကမ်းခြင်း၊ စွန့်လွှတ်လျှုဒါန်းခြင်း၊
- (ဃ) စရန်ငွေ၊ ကြိုတင်ငွေ၊ အာမခံငွေ (သို့မဟုတ်) ငွေကြေးတစ်စုံတစ်ရာ လက်ခံရယူခြင်း၊
- (င) အကျိုးဆောင်ခြင်း၊ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊
- (စ) Joint Venture, Development Agreement (သို့မဟုတ်) အခြားစာချုပ်တစ်ရပ်ရပ်ချုပ်ဆိုခြင်း၊
- (ဆ) အခြားမည်သည့်နည်းလမ်းဖြင့်မဆို အခွင့်အရေးတစ်စုံတစ်ရာ ဖန်တီးဆောင်ရွက်ခြင်း အစရှိသည်တို့အား မပြုလုပ်ကြပါရန် အထူးသတိပေး ကြေညာအပ်ပါသည်။

ဤကြေညာချက်ကို လစ်လျူရှု၍ ဆောင်ရွက်မိခြင်းကြောင့် ဖြစ်ပေါ်လာသော ငွေကြေး ဆုံးရှုံးမှုများ၊ အငြင်းပွားမှုများ၊ တရားမ/ရာဇဝတ်မှုများနှင့် အခြားဥပဒေဆိုင်ရာ အကျိုးဆက်များအတွက် ကျွန်ုပ်၏မိတ်ဆွေတို့မှ လုံးဝတာဝန်ယူမည်မဟုတ်ဘဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေး ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဦးဇော်ဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဂျူလိုင်မင်းအောင်**
**အထက်တန်းရှေ့နေ (စဉ်-၅၆၅၆၂)**
**အမှတ် (၄၀၀/မြေညီ)၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၈၅၀၀၃၃၃၉**

## CNG ကတ်နီပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ No.45၊ ရေကျော်လမ်း၊ (၇၁)ရပ်ကွက်နေ ဦးကျော်မင်းသူ ၁၂/ပဇတ(နိုင်)၀၃၂၇၇၁ ပိုင်ဆိုင်သော BB/ 5813 ယာဉ်၏ CNG ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိလျှင် ဆက်သွယ်ပေးကြပါရန်။

**ဖုန်း-၀၉-၄၂၀၀၁၅၂၁၄**

## ပတ်စ်ပို့ပျောက်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ဥက္ကံသောင်ကြား၊ (ဥက္ကံ)ကျေးရွာအုပ်စု၊ ရေဥက္ကံကျေးရွာ၊ ကျောင်းလမ်းတွင် နေထိုင်သူ မဇင်ပွင့်သူ (ဘ) ဦးကျော်မျိုးဝင်း ၁၂/လသယ(နိုင်)၁၁၂၅၂၉ သည် နိုင်ငံကူးလက်မှတ် (MH-964539) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၂၄၇၂၉၅၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/9217 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/1952 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | 56(Re-T)/EPGE (GT)/ 2026-2027 | မြန်အောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအတွက် Mechanical Spare Parts (၉) မျိုး ဝယ်ယူခြင်း |
| (ခ) | 57(Re-T)/EPGE (REHP)/ 2026-2027 | ကွန်းချောင်း ဓာတ်အားပေးစက်ရုံ အတွက် 230/11kV, 25MVA, Main Transformer Bushing (2) Nos ဝယ်ယူလဲလှယ်ခြင်း။ |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ် (က) နှင့် ဈေးနှုန်း အဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀) နာရီ နောက်ဆုံးထား၍ (**လူကိုယ်တိုင်**) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၈-၂၀၂၆ ရက်မှ ၂၇-၈-၂၀၂၆ ရက်အထိ

၄။ **တင်ဒါရောင်းချမည့်အချိန်** - (၁၀:၀၀) နာရီမှ (၁၆:၀၀) နာရီအထိ

၅။ **တင်ဒါပိတ်ရက်နှင့် အချိန်** - ၂၈-၈-၂၀၂၆ ရက်၊ (၁၃:၀၀) နာရီ

၆။ **တင်ဒါရောင်းချမည့်နေရာနှင့် တင်ဒါလက်ခံမည့်နေရာ** - လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ နေပြည်တော်

၇။ တင်ဒါကြော်ငြာများအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**(ဖုန်း-၀၉-၄၄၈၅၃၃၈၉၄)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက်အမှတ် (ဃ/၁၇၄)၊ တတိယထပ် (၄) လွှာ၊ ခေါင်းရင်းဘက်ခြမ်း၊ အခန်း/အကျယ်အဝန်း(၁၄ပေxပေ၄၀) အမြင့် (၉)ပေ ရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဦးမျိုးသူအောင် (၁၂/သဃက(နိုင်)၁၆၂၉၉၆)၊ ဒေါ်ဝတ်ရည်ဖူး (ခ) ဖူးဖူး (၁၂/သဃက(နိုင်)၁၆၁၈၉၈) တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်မွန်မွန် (၁၀/ပမန(နိုင်)၀၉၁၈၉၄) က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (ခုနစ်) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မွန်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၁)**
**ဖုန်း-၀၉-၈၈၄၃၀၀၄၃၃**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ထမ္မကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ Grade-7 မှ မောင်လှိုင်မင်းခန့်၊ မဆုမြတ်နိုင်တို့၏ဖခင် ဦးကိုကိုနိုင် အမည်မှန်မှာ ဦးကျော်မြင့်သက် ၈/မမန(နိုင်)၁၂၈၁၀၅ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (ဠ-၁၅)၊ ဦးပိုင်အမှတ်(၁၀)၊ ၇၄x၇၅ ကြား၊ ၁၁၇x၁၁၈လမ်းကြား ရှိဒေါ်စိန်ရင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၀၂၉/၂၀၁၂) ဖြင့် အမွေဆက်ခံခဲ့သည့် ဦးကျော်ဝင်း ၉/မနမ(နိုင်)၀၆၉၀၉၀ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၃၀/၂၀၁၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရှောက်ပါ ၁၃/လရန(နိုင်) ၀၀၃၆၇၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဗ-၁၄)၊ ဦးပိုင်အမှတ် ၂၂-ခ /၅၄ x ၅၅ လမ်းကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်သင်းသင်းလှိုင် ၉/မရတ(နိုင်) ၀၃၄၀၁၃ (၎င်း၏ SP ရရှိသူ ဦးသန်းမြင့်) က တောဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာမူရင်းများမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ ဂရန်ပျောက်၊ သက်တမ်းတိုးရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၅)၊ ဦးပိုင်အမှတ် ၂၀ /၁၁၃ x ၁၁၄ လမ်းကြား၊ ၄၉ x ၅၀ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်တင်ရီ ၉/မရတ(နိုင်) ၀၆၀၇၈၅ (၎င်း၏ SP ရရှိသူဒေါ်စုစုရီ)က လမ်းဖိုး ၂၄၀ဝိ/-ငွေသွင်း ပြေစာမူရင်းမှာ လက်ဝယ်တွင် အထားအသိုမှားယွင်းပျောက်ဆုံးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ ၄၀ဝဝိ/ငွေသွင်းပြေစာ၊ မြေချမိန့်၊ တောဂရန်တို့တင်ပြ၍ တောမှ မြို့ပြောင်း၊ သက်တမ်းတိုးရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## CNG စာအုပ်ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မိုးမိုးဦး ၁၂/မဂဒ(နိုင်) ၂၀၈၂၆၀ ပိုင်ဆိုင်သော ကားနံပါတ် 1C/2762 ၏ CNG (Gas) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။ **ဖုန်း-၀၉-၇၈၈၁၅၃၀၄၈**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း Grade-10 မှ မခင်စုလှိုင် ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းဇော် ၅/ရဘန (နိုင်) ၂၀၁၅၈၃ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 68W/53722 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အမည်ပြောင်း

(ဘ) ဦးအိုက်ရှန် ၏သား တာချီလိတ်မြို့၊ မကာဟိုခမ်း (အထက)ကျောင်း၊ Grade-3 (D) မှ မောင်ရဲလင်းကျိုး အား မောင်ရန်နိုင် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်ရန်နိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း- ၂၊ မြေကွက်အမှတ် (၁၈၇၆)၊ ဧရိယာ (၀.၀၅၅) ဧကရှိ တပ်ကြပ်ကြီးမောင်လှိုင် အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူ ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်စမ်းမြင့် (ဘ) ဦးကျော်ညွှန့် ၉/ပမန(နိုင်)၀၃၅၄၃၃မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် အိမ်ဝိုင်းကွက်တန်ဖိုး ငွေသွင်းပြေစာ၊ ကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်အမှတ် (၁၉၉/၂၀၂၆)၊ သေဆုံးခြင်းလက်မှတ်၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ မောင်းဒီးကျေးရွာအုပ်စု၊ သင်တောကျေးရွာနေ ဦးစည်သူကျော် ၃/ဘသဆ(နိုင်)၀၁၄၉၀၉ ၏ လွှဲအပ်ချက်အရ အများသိရှိကန့်ကွက်နိုင်ရန် ကြေညာပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ (၃) မိုင်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ကံ့ကော်လမ်းသွယ် (၃) ရှိ ဦးပိုင်အမှတ် (၂၀၈၂)၊ ကွင်း/အကွက်အမှတ်-၆၊ ညောင်တီအကွက်၊ မြေဧရိယာ (၀.၁၄၇)ဧကရှိ မြေကွက်ကို ဒေါ်မေသန်းငွေ ၁၄/လပတ(နိုင်)၁၆၄၃၈၁ အား မြေပေးအမိန့်ဖြင့် လပွတ္တာခရိုင်မြေကွက်သစ်ချထားရေးကော်မတီမှ နေရာချထားပေးခဲ့ပါသည်။ အဆိုပါမြေကွက်ကို ဦးစည်သူကျော် ၃/ဘသဆ(နိုင်)၀၁၄၉၀၉ က (၁၂-၇-၂၀၂၆) ရက်စွဲပါ "အိမ်ခြံမြေအရောင်းအဝယ် သဘောတူစာချုပ်" ဖြင့် လက်ရောက်ဝယ်ယူခဲ့ပါသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ (၃) မိုင်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ကံ့ကော်လမ်းသွယ် (၂) ရှိ ဦးပိုင် အမှတ်(၂၀၈၁)၊ ကွင်း/ အကွက်အမှတ် - (၆/ ညောင်တီအကွက်)၊ မြေကွက်ဧရိယာ (၀.၁၄၇) ဧကရှိ မြေကွက်ကို ဦးအောင်မြင့်မြတ် ၁၄/အဂပ(နိုင်)၁၇၄၀၅၄ အား မြေပေးအမိန့်ဖြင့် လပွတ္တာခရိုင်မြို့ကွက်သစ် ချထားရေးကော်မတီမှ နေရာချထားပေးခဲ့ပါသည်။ ၎င်းအပြင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာ (၃) မိုင်မြို့သစ်၊ အမှတ်(၃) ရပ်ကွက်၊ ကံ့ကော်လမ်းသွယ် (၂)ရှိ ဦးပိုင်အမှတ် (၂၀၆၈)၊ အကွက်အမှတ်- (၆/ ညောင်တီအကွက်)၊ မြေကွက်ဧရိယာ (၀.၁၄၇)ကေရှိ မြေကွက်ကို ဦးရဲဝင့်ထွန်း ၁၄/ဓနဖ(နိုင်)၁၂၅၁၁၈ အား မြေပေးအမိန့်ဖြင့် လပွတ္တာခရိုင်မြို့ကွက်သစ်ချထားရေးကော်မတီမှ နေရာချထားပေးခဲ့ပါသည်။ ဖော်ပြပါ ဦးအောင်မြင့်မြတ် အမည်ပေါက် ဦးပိုင်အမှတ် (၂၀၈၁) မြေကွက်နှင့် ဦးရဲဝင့်ထွန်း အမည်ပေါက် ဦးပိုင်အမှတ် (၂၀၆၈) မြေကွက်တို့ကို ဦးစည်သူကျော် ၃/ဘသဆ(နိုင်)၀၁၄၉၀၉ က (၁၂-၇-၂၀၂၆) ရက်စွဲဖြင့် "အိမ်ခြံမြေ အရောင်းအဝယ်သဘောတူစာချုပ်" အသီးသီးချုပ်ဆို၍ လက်ရောက်ဝယ်ယူခဲ့ပါသည်။

အထက်ဖော်ပြပါ ဒေါ်မေသန်းငွေ အမည်ပေါက် ဦးပိုင်အမှတ်(၂၀၈၂)၊ ဦးအောင်မြင့်မြတ် အမည်ပေါက် ဦးပိုင်အမှတ် (၂၀၈၁) နှင့် ဦးရဲဝင့်ထွန်း အမည်ပေါက် ဦးပိုင်အမှတ်(၂၀၆၈)တို့ကို လက်ရောက်ဝယ်ယူခဲ့သူ ဦးစည်သူကျော်မှ အမည်ပြောင်းလဲ လျှောက်ထားရယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောအထောက်အထားများတင်ပြလျက် ဤကြေညာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အမည်ပြောင်း လျှောက်ထားရယူခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိ ကန့်ကွက်နိုင်ပါရန် ကြေညာအပ်ပါသည်။

**ဦးစည်သူကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေထက်လင်း (ဥပဒေတွဲ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၁၃၄)**
**အမှတ် (၁) ရပ်ကွက်၊ သုခဗလဈေးလမ်း၊ (၁/၈၂၃) လပွတ္တာမြို့**
**ဖုန်း-၀၉-၆၇၅၉၉၉၇၇၄၊ ၀၉၇၅၅၁၀၀၇၃၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/84515 Jialing-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ခိုင် ၉/မနတ(နိုင်)၀၀၅၇၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/74861 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဖြိုး ၉/ပသက(နိုင်) ၁၀၃၄၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/39155 Yes Sumbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းနွဲ့ ၉/ပကခ (နိုင်) ၀၀၀၉၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/20968 Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ထွန်း ၅/စကန(နိုင်) ၁၅၅၃၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

# ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်) တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ် အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | နည်းပြ(ပန်းချီ)<br>(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၃ နေရာ | မဟာဝိဇ္ဇာဘွဲ့ရရှိပြီးသူ(သို့)<br>မဟာဝိဇ္ဇာဘွဲ့တက်ရောက်ရန်<br>အဆင့်မီသူ |
| (ခ) | နည်းပြ (ရုပ်ရှင်နှင့်ပြဇာတ်)<br>(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ရရှိပြီးသူ(သို့)<br>မဟာဝိဇ္ဇာဘွဲ့တက်ရောက်ရန်<br>အဆင့်မီသူ |
| (ဂ) | နည်းပြ<br>(ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု)<br>(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(ရှေးဟောင်းသုတေသန/ ပြတိုက်/မြန်မာစာ/ သမိုင်း) ရရှိပြီးသူ ဝန်ထမ်းဖြစ်ပါက ဘွဲ့တစ်ခုခုရရှိပြီး (ရှေးဟောင်းသုတေသန/ ပြတိုက်/ မြန်မာစာ/သမိုင်း/ စာကြည့်တိုက်) ဒီပလိုမာရရှိသူ |
| (ဃ) | ကျွမ်းကျင်(၂)(ရုပ်သံ)(တည်းဖြတ်)<br>ရုပ်ရှင်ထုတ်လုပ်မှုအင်ဂျင်နီယာဌာန<br>(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၁ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ၊ ကင်မရာ၊ ဗွီဒီယိုကျွမ်းကျင်စွာ ရိုက်ကူး တည်းဖြတ်နိုင်သူ |
| (င) | စာကြည့်တိုက်လက်ထောက်(၃)၊<br>သင်တန်းရေးရာဌာန<br>(လစာနှုန်း၊ ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | ၁ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (သို့)စာကြည့်တိုက်ပညာဒီပလိုမာရရှိပြီး စာကြည့်တိုက်လုပ်ငန်းအတွေ့အကြုံရှိသူ |
| (စ) | ဒုတိယလက်ထောက်ကွန်ပျူတာ<br>လုပ်ဆောင်ရေးမှူး<br>သင်တန်းရေးရာဌာန<br>(လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂ နေရာ | ဘွဲ့တစ်ခုခုရရှိပြီးသူ၊<br>ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ |
| (ဆ) | ယာဉ်မောင်း(၅)<br>စီမံရေးရာဌာန<br>(လစာနှုန်း၊ ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁ နေရာ | အခြေခံပညာအလယ်တန်း<br>အောင်မြင်ပြီးယာဉ်မောင်း လိုင်စင်(ခ)<br>အဆင့်နှင့် စက်ပြင်ကျွမ်းကျင်သူ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- (ဂ) ၃၁-၈-၂၀၂၆ ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက်(၃၀)နှစ်၊ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊
